ပြည်ထဲရေး

ပြည်ထဲရေး
သတင်းလွှာ


အတွဲ (၁၂) အမှတ် (၈) ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁) ရက်

# ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် UNODC ၏ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာကိုယ်စားလှယ် Mr. Jeremy Stuart Douglas ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် **UNODC** ၏ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာကိုယ်စားလှယ် **Mr. Jeremy Stuart Douglas** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၂၆-၆-၂၀၁၇ ရက်နေ့ နေ့လည် ၁၃း၃၀နာရီအချိန်တွင် နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၀)ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်၊ ခေတ္တရဲချုပ် ရဲမှူးချုပ်အောင်ဝင်းဦးနှင့် ယာယီရဲမှူးချုပ် မြင့်အောင် တို့တက်ရောက်ခဲ့ကြပါသည်။ တွေ့ဆုံစဉ် မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

# ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် အိန္ဒိယနိုင်ငံ၊ ပြည်ထဲရေးအတွင်းဝန် Mr. Rajiv Gauba ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် အိန္ဒိယနိုင်ငံ၊ ပြည်ထဲရေးအတွင်းဝန် **Mr. Rajiv Gauba** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၆-၇-၂၀၁၇ ရက်နေ့ နေ့လည် ၁၅း၁၅ နာရီအချိန်တွင် နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၀)ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ခေတ္တရဲချုပ် ရဲမှူးချုပ်အောင်ဝင်းဦး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဦးနှင့် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး တို့တက်ရောက်ခဲ့ကြပါသည်။ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ နှစ်နိုင်ငံနယ်စပ်ရေးရာလုံခြုံရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

# ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး H.E Mr. Mohammad Sufiur Rahman ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး **H.E Mr. Mohammad Sufiur Rahman** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၁၃-၇-၂၀၁၇ ရက်နေ့ နံနက် ၁၁း၀၀ နာရီအချိန်တွင် နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၀)ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ခေတ္တရဲချုပ် ရဲမှူးချုပ်အောင်ဝင်းဦး၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်၊ အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုး၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ တို့တက်ရောက်ခဲ့ကြပါသည်။ တွေ့ဆုံစဉ် နှစ်နိုင်ငံနယ်စပ်ရေးရာ လုံခြုံရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်ခြင်း စာ(၁၄)သို့

အမျိုးသမီးအကျဉ်းထောင်များတွင် ဘန်ကောက်စည်းမျဉ်းများအကောင်အထည်ဖော်ဆောင်မှု ခေါင်းစဉ်နှင့်စပ်လျဉ်းသည့် လေ့လာရေးခရီးစဉ် စာ(၃)သို့

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် ပိုလန်နိုင်ငံမှ လက်ခံရရှိမည့် အဆင့်မြင့်မီးသတ်ယာဉ်နှင့် စက်ကိရိယာ ကိုင်တွယ်ထိန်းသိမ်းမှု အကြိုလေ့ကျင့်ရေး သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပခြင်း စာ(၅)သို့

# သြစတြေးလျပြည်ထောင်စုရဲတပ်ဖွဲ့(AFP)မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့သို့ လုပ်ငန်းသုံးဆိုင်ရာယာဉ်နှင့်စက်ပစ္စည်းများလှူဒါန်း




သြစတြေးလျပြည်ထောင်စုရဲတပ်ဖွဲ့ **(AFP)** မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ လုပ်ငန်းသုံးဆိုင်ရာ ယာဉ်နှင့်စက်ပစ္စည်းများ လှူဒါန်းသည့် အခမ်းအနားအား ၂၆-၆-၂၀၁၇ ရက်နေ့ ၁၄း၀၀ အချိန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာခန်းမ၌ ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခေတ္တရဲချုပ် ရဲမှူးချုပ် အောင်ဝင်းဦးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ သြစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့ **(AFP)** မှ အကြီးတန်း ဆက်ဆံရေးအရာရှိ **Mr. Jared Taggart**၊ အမေရိကန်နိုင်ငံမူးယစ်ဆေးဝါးအုပ်ချုပ်မှုအဖွဲ့ **(DEA)** မှ တာဝန်ခံအရာရှိ **Mr. Michael W Brown** ပါ (၄)ဦး၊ ထိုင်းနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ **(ONCB)** မှ **Minister Counsellor Mr. Arkart Panyaem** နှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခေတ္တရဲချုပ် ရဲမှူးချုပ်အောင်ဝင်းဦးမှ ကျေးဇူးတင် စကားပြောကြားခြင်း၊ သြစတြေးလျပြည်ထောင်စုရဲတပ်ဖွဲ့ကိုယ်စား ရန်ကုန်မြို့ သြစတြေးလျနိုင်ငံသံရုံး **(AFP)** မှ အကြီးတန်းဆက်ဆံရေးအရာရှိ **Mr. Jared Taggart** မှ ပစ္စည်းများ လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားခြင်း၊ လုပ်ငန်းသုံးဆိုင်ရာ ယာဉ်၊ စက်ပစ္စည်းများနှင့်စာရွက်စာတမ်းများကို မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်မြင့်အောင်ထံသို့ လွှဲအပ်ပေးခြင်းနှင့် မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနား၌ သြစတြေးလျပြည်ထောင်စုရဲတပ်ဖွဲ့ **(AFP)** မှ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့သို့ မော်တော်ယာဉ်(၁)စီး၊ မော်တော်ဆိုင်ကယ်(၁၄)စီး၊ **Desktop Computer** (၁၂)လုံး၊ **Laptop** (၄)လုံး၊ **Cannon Printer** (၄)လုံး၊ **Nikon digital Cameras** (၈)လုံးနှင့် **Petrol Portable Generators** (၄)လုံး၊ စုစုပေါင်းတန်ဖိုး ကျပ် (၄၄၂.၇)သိန်း တန်ဖိုးရှိပစ္စည်း များအား ပေးအပ်လှူဒါန်းခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ စတင်ပြီး သြစတြေးလျပြည်ထောင်စုရဲတပ်ဖွဲ့အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ လှူဒါန်းခဲ့မှုသည် ကျပ်သိန်း(၁,၁၅၀)ရှိကြောင်း သတင်းရရှိပါသည်။

# ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအခမ်းအနားကျင်းပခြင်း

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၈-၆-၂၀၁၇ရက်နေ့၊ (၀၈း၀၀) အချိန်တွင် နေပြည်တော်မီးသတ်ဦးစီးမှူးရုံး၊ အစည်းအဝေးခန်းမတွင်ကျင်းပပြုလုပ်ခဲ့ရာ မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး တက်ရောက်အမှာစကားပြောကြားပါသည်။

မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးမှ အဖွင့်အမှာစကား ပြောကြားရာတွင် ယခုလို လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် တိုင်းဒေသကြီး/ ပြည်နယ်မီးသတ်ဦးစီးမှူးများ စုံလင်စွာတွေ့ရှိရ၍ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ သမိုင်းအစဉ်အလာရှိခဲ့သည့် မီးသတ်တပ်ဖွဲ့မှာ ယခုဆိုလျှင် နှစ်ပေါင်း(၇၁)နှစ်တာကာလ ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း၊ ယခုဆယ်စုနှစ်ကာလအတွင်း မီးသတ်ယာဉ်/စက် ပစ္စည်းကိရိယာများ၊ မီးသတ်တပ်ဖွဲ့ဝင်အင်အားနှင့် မီးသတ်စခန်းအဆောက်အဦများ အဆပေါင်းများစွာ တိုးတက်လာသည်ကို မျက်မြင်ထင်ရှား တွေ့ရမှာဖြစ်ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီအားပေးမှု၊ မိမိတို့ဌာန၏ အစွမ်းကုန်ကြိုးပမ်းမှု တို့ကြောင့် အချိန်တိုအတွင်း အောင်မြင်မှုအကျိုးဆက်များ ရရှိနေသည်ကို တွေ့မြင် ကြရမှာ ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်မီးသတ်ဦးစီး မှူးများအနေဖြင့် မိမိတို့၏ ရာထူးအဆင့်နှင့် လျော်ညီစွာ နေထိုင်ကျင့်ကြံပြီး လက်အောက်ငယ်သားများအပေါ် မိမိတို့၏ ရင်ဝယ်သား/ သမီးများကဲ့သို့ ဆုံးမသွန်သင်၍ လိုအပ်ချက်များ ဖြည့်ဆည်း ပေးကာ ကြီးကြပ်ကွပ်ကဲအုပ်ချုပ်သွားကြဖို့လိုကြောင်း၊ ဌာန၏ **Policy** များကို ထိန်းသိမ်း၊ နည်းပညာများ ကြပ်မတ်ပြီး လိုအပ်ချက်များဖြည့်ဆည်းပေးရန်မှာ ဌာနအကြီးအကဲ၏ တာဝန်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခုလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လိုအပ်ချက်များ



ရင်းနှီးပွင့်လင်းစွာဆွေးနွေးတင်ပြကြရန် လမ်းညွှန်အမှာစကားပြောကြားခဲ့ပါသည်။

ထို့နောက် ဗဟိုမီးသတ်သင်တန်းကျောင်း၊ ကျောင်းအုပ်ကြီးနှင့် တိုင်းဒေသကြီး/ ပြည်နယ်မီးသတ်ဦးစီးမှူးများမှ လုပ်ငန်းဆောင်ရွက်မှုများအား **Power Point** ဖြင့် အသီးသီး ရှင်းလင်းတင်ပြခဲ့ပါသည်။

အစည်းအဝေးသို့ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီး များ၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ကျောင်းအုပ်ကြီးနှင့် တိုင်းဒေသကြီး/ပြည်နယ် မီးသတ်ဦးစီးမှူးများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

# မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးမှ ဒုတိယရဲအုပ်လောင်းသင်တန်း(ရဲကျော်သူတပ်ခွဲ)အမှတ်စဉ်(၉၁)သို့ တက်ရောက်လျက်ရှိသော လက်ထောက်မီးသတ်ဦးစီးမှူးလောင်းသင်တန်းသား/သူများအား တွေ့ဆုံအမှာစကားပြောကြားခြင်း




မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ပြင်ဦးလွင်မြို့တွင် ဒုတိယရဲအုပ်လောင်းသင်တန်း(ရဲကျော်သူတပ်ခွဲ) အမှတ်စဉ် (၉၁)သို့ တက်ရောက်လျက် ရှိသော လက်ထောက်မီးသတ်ဦးစီးမှူးလောင်းသင်တန်းသား(၂၀၇)ဦး၊ သင်တန်းသူ (၅၃)ဦး၊ စုစုပေါင်း သင်တန်းသား/သူ(၂၆၀)ဦးတို့အား ၂၀၁၇ ခုနှစ် ဇွန်လ(၁၆)ရက်နေ့ (၁၂း၀၀)နာရီတွင် ဗဟိုမီးသတ်သင်တန်းကျောင်း၊ အနော်ရထာခန်းမ၌ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးမှ တွေ့ဆုံအမှာစကားပြောကြားခဲ့ပါသည်။

ယင်းတွေ့ဆုံပွဲအခမ်းအနားသို့ ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးသန်းကျော်ကျော်၊ ဒုတိယ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဌာနခွဲမှူးများ၊ ဦးစီးအရာရှိများ၊ နည်းပြအရာရှိများနှင့် လက်ထောက်မီးသတ်ဦးစီးမှူးလောင်း သင်တန်းသား/သင်တန်းသူများ တက်ရောက် ခဲ့ကြောင်း သတင်းရရှိပါသည်။

## ပဲခူးအချုပ်ထောင်သို့ ပြင်ပအလှူရှင်များ ဝင်ရောက်ကျွေးမွေးလှူဒါန်းခြင်း



အကျဉ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ ပဲခူးအချုပ်ထောင်သို့ ၁၉-၆-၂၀၁၇ ရက်နေ့တွင် ပြင်ပအလှူရှင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းနှင့်အတူ ပဲခူးမြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လူငယ်) အဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒေါက်တာဦးအောင်ခင်ပါ ၃၈ ဦးတို့မှ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၇၂ နှစ်မြောက် မွေးနေ့ အထိမ်းအမှတ်အဖြစ် ၇၀၀,၈၁၀/-၊(ကျပ် ခုနစ်သိန်းရှစ်ရာ တစ်ဆယ်)တန်ဖိုးရှိ နေ့လည်စာထမင်း၊ ကြက်သားဟင်း၊ သီးစုံပဲကုလားဟင်း တို့အား ဝင်ရောက်ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## အမျိုးသမီးအကျဉ်းထောင်များတွင် ဘန်ကောက်စည်းမျဉ်းများ အကောင်အထည်ဖော်ဆောင်မှု ခေါင်းစဉ်နှင့်စပ်လျဉ်းသည့် လေ့လာရေးခရီးစဉ် (Study Programme on the Topic of the Implementation of the Bangkok Rules in Female Correctional Facilities) သို့သွားရောက်ခဲ့ခြင်း



၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှ ၃၀ ရက်နေ့အထိ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသမီးအကျဉ်းထောင်များတွင် ဘန်ကောက်စည်းမျဉ်းများ အကောင်အထည်ဖော်ဆောင်မှု ခေါင်းစဉ်နှင့်စပ်လျဉ်းသည့် လေ့လာရေးခရီးစဉ် **(Study Programme on the Topic of the Implementation of the Bangkok Rules in Female Correctional Facilities)** သို့ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်တင်တင်အေးဦးဆောင်သော ကိုယ်စားလှယ် ၄ ဦးတက်ရောက်ခဲ့ပါသည်။

ညွှန်ကြားရေးမှူး ဒေါ်တင်တင်အေး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် လေ့လာရေးခရီးစဉ်အတွင်း **TIJ** မှ **Special Advisior**ဖြစ်သူ**Mr. Nathe Chitsawang** ဦးဆောင်သောအဖွဲ့နှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး **Thonburi** အမျိုးသားအချုပ်ထောင်၊ **Thonburi** အမျိုးသမီးပြုပြင်ပြောင်းလဲရေးနှင့် အသက်မွေးမှုအတတ်သင်ဌာန၊ **Doi Rang** ယာယီအကျဉ်းထောင်နှင့် **Lampun**ပြည်နယ်အကျဉ်းထောင်များသို့သွားရောက်လေ့လာခဲ့ကြပါသည်။ ကိုယ်စားလှယ်အဖွဲ့ သည် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိပါသည်။

## ၂၀၁၇-၂၀၁၈ ပညာသင်နှစ်ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့်တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် အကျဉ်းသား/သူများအား ဂုဏ်ပြုခြင်းအခမ်းအနားပြုလုပ်ခြင်း

အကျဉ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ မန္တလေးဗဟိုအကျဉ်းထောင်တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် အကျဉ်းသားကျောင်းသား/သူများကို ဂုဏ်ပြုခြင်းအခမ်းအနားအား ၂၅-၆-၂၀၁၇ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူးဦးမိုးဇော်၊ တာဝန်ခံဆရာရှိ ဦးချိုဝင်းထွန်းနှင့်တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုဝင်များ၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပြင်ပမှလာရောက်သင်ကြားပေးသည့် အထက်တန်းပြဆရာ/ဆရာမများ၊ ပြင်ပအလှူရှင်များ၊ ကျောင်းသား/သူများတက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ပြင်ပမှ ပညာသင်ကြားပို့ချပေးခဲ့သော ဆရာ/ဆရာမများအား မှတ်တမ်းတင် ဂုဏ်ပြုလွှာနှင့်လက်ဆောင်ပစ္စည်းများပေးအပ်ခြင်း၊ ဝန်ထမ်းမိသားစုများအား ပညာသင်စရိတ်ထောက်ပံ့ပေးခြင်း၊ တက္ကသိုလ်ဝင်တန်းအောင် အကျဉ်းသားကျောင်းသား/သူများအားဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့်ပြင်ပအလှူရှင်များမှအကျဉ်းထောင်အတွင်း ပညာသင်ကျောင်းအတွက် ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများ လှူဒါန်းခဲ့ကြောင်းသတင်းရရှိပါသည်။



## ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်း



အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ စခန်းများဖြစ်သော အင်းစိန်၊ မန္တလေး၊ သာယာဝတီဗဟိုအကျဉ်းထောင်၊ ပခုက္ကူ၊ ပုသိမ်၊ လားရှိုး၊ သံတွဲအကျဉ်းထောင်၊ ၂၄ မိုင်ကုန်ထုတ်စခန်း၊ ဂယ်လောင်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းတို့ရှိ အကျဉ်းသား/သူ၊ အချုပ်သား/သူများအား ၂၀၁၇ ခုနှစ်၊ ဇွန်လတွင် ကျန်းမာရေးဦးစီးဌာနမှ ခုခံကျ/ကာလသား၊ **TB** ၊ သွားဘက်ဆိုင်ရာ၊ အထွေထွေရောဂါကု၊ အနာကြီးရောဂါ၊ စိတ်ကျန်းမာရေး၊ ခွဲစိတ်အထူးကုနှင့် သက်ဆိုင်ရာမြို့နယ်များရှိ ရောဂါတိုက်ဖျက်ရေးအဖွဲ့များ ဝင်ရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးခြင်းနှင့်ကျန်းမာရေးပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်အသီးသီးတွင် ပြင်ပ **NGOs** အဖွဲ့များ၊ ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ လစဉ်ကျန်းမာရေးစစ်ဆေးကုသပေးလျက်ရှိရာ ခုခံအားကျဆင်းမှုနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့များဖြစ်သော **National Aids Control Program** အဖွဲ့သည် ၂၀-၆-၂၀၁၇ ရက်နေ့တွင် အင်းစိန်ဗဟိုအကျဉ်းထောင်၊ **Asia Harm Reduction Network** အဖွဲ့သည် ၁၃-၆-၂၀၁၇ရက်နေ့တွင် ဗန်းမော်အကျဉ်းထောင်၊ ၁၅-၆-၂၀၁၇ ရက်နေ့တွင်ကလေးအကျဉ်းထောင်၊ **MSF(Holland)** အဖွဲ့သည် ၇-၆-၂၀၁၇ ရက်နေ့တွင်လားရှိုးအကျဉ်းထောင်၊ ၂-၆-၂၀၁၇ ရက်နေ့တွင် မြစ်ကြီးနားအကျဉ်းထောင်၊ **UNION ART Supply** အဖွဲ့သည် ၇-၆-၂၀၁၇ရက်နေ့တွင် မန္တလေးဗဟိုအကျဉ်းထောင်တို့သို့လာရောက်၍ အကျဉ်း သား/သူ၊ အချုပ်သား/သူများအားနှစ်သိမ့်ဆွေးနွေးခြင်းများပြုလုပ်ခဲ့ပြီး လိုအပ်သော ဆေးဝါးကုသမှုများပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးများနှင့် ခရိုင်တရားသူကြီးများ ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ခြင်း



၂၀၁၇ ခုနှစ်၊ ဇွန်လတွင် အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်များဖြစ်သော မန္တလေး ဗဟိုအကျဉ်းထောင်၊ ကလေး၊ လှိုင်ကော်၊ ပခုက္ကူ၊ မြောင်းမြ၊ ဟသ်ာတ၊ မိုးညှင်း၊ ဘူးသီးတောင်၊ ရွှေဘို၊ ဗန်းမော်၊ မိတ္ထီလာ၊ မိုင်းဆတ်၊ သရက်အကျဉ်းထောင်၊ ဗန္ဓုလ၊ မြို့သစ်၊ သနန်၊ အုတ်ဖိုကန်ဘောင်စိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှုအတတ်သင်စခန်း၊ မာလာဖူး၊ ဘဲလင်း(၁၊ ၂)ကုန်ထုတ်စခန်းများသို့ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများနှင့်ခရိုင်တရားသူကြီးများမှ ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ဝိပဿနာတရားစခန်းပွဲများဖွင့်လှစ်ကျင်းပပေးခြင်း

အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ စခန်းများတွင် အကျဉ်းသား/သူ၊ အချုပ်သား/သူများ၏ စိတ်နှလုံးနူးညံ့သိမ်မွေ့လာစေရေးအတွက် ရည်ရွယ်၍ အကျဉ်းထောင်/စခန်းတွင် ဝိပဿနာတရားစခန်းများကိုဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ်၊ ဇွန်လတွင် မန္တလေးဗဟိုအကျဉ်းထောင်၊ သရက်၊ မြင်းခြံ၊ တောင်ငူ၊ မြစ်ကြီးနား၊ မြောင်းမြ၊ စစ်တွေ၊ မုံရွာအကျဉ်းထောင်၊ မြို့သစ် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းတို့တွင် ဝိပဿနာတရားစခန်းများအသီးသီး ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## အကျဉ်းဦးစီးဌာနရှိ အမျိုးသားဝန်ထမ်းများအား ဝိပဿနာ ၁၀ ရက် တရားစခန်း ဖွင့်လှစ်ဆောင်ရွက်ပေးခြင်း


အကျဉ်းဦးစီးဌာန၊ အကျဉ်းထောင်စခန်းအသီးသီးတွင် အကျဉ်းသားများ၏ စိတ်ပိုင်းဆိုင်ရာ နူးညံ့သိမ်မွေ့လာစေရေး၊ ဘာသာရေးအသိတရားများမြင့်မားလာစေရေးတို့အတွက် အင်းစိန်၊ မန္တလေး၊ သာယာဝတီဗဟို အကျဉ်းထောင်တို့တွင် အမြဲတမ်းတရားစခန်းများဖွင့်လှစ်ပေးထားပြီး အခါအားလျော်စွာ တရားစခန်းများအား ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ အကျဉ်းဦးစီးဌာနရှိ ဝန်ထမ်းများကိုလည်း စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများသက်သာစေရန်၊ တရားထိုင်သည့်အလေ့အကျင့်ရရှိစေရန်နှင့် အကျဉ်းသားယောဂီများကို ထိန်းသိမ်းပေးနိုင်ရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက် အင်းစိန်ဗဟိုအကျဉ်းထောင်ရှိ ဓမ္မဟိတသုခဂေဟာတရားစခန်း၌ ပဉ္စမအကြိမ်မြောက် အမျိုးသားဝန်ထမ်းယောဂီ ၈၆ ဦးအား ၄-၇-၂၀၁၇ ရက်နေ့မှ ၁၃-၇-၂၀၁၇ရက်နေ့အထိ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## အစ္စလာမ်ဘာသာဝင်အကျဉ်းသား/သူများ ဥပုသ်ကာလအတွင်း ဥပုသ်စောင့်တည်ပြီးစီးခြင်း



အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက် အကျဉ်းထောင်၊ စခန်းများရှိအစ္စလာမ်ဘာသာဝင် အကျဉ်းသား/သူများ ဥပုသ်စောင့်တည်ခြင်း၊ ကျွေးမွေးလှူဒါန်းခြင်းများနှင့်ပတ်သက်၍ခွင့်ပြုပေးခဲ့ရာ ၂၆-၅-၂၀၁၇ ရက်နေ့မှ ၂၇-၆-၂၀၁၇ ရက်နေ့အတွင်း ကျရောက်သည့် အစ္စလာမ်ဘာသာဝင်များ၏ဥပုသ်ကာလအတွင်း အစ္စလာမ် ဘာသာဝင်အကျဉ်းသား/သူများသည် ဥပုသ်စောင့်တည်ခြင်း၊ ကျွေးမွေးလှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသတင်းရရှိပါသည်။




## ဝတ်ပြုဆုတောင်းခြင်းနှင့် ကျွေးမွေးလှူဒါန်းခြင်း

၂၀၁၇ ခုနှစ်၊ ဇွန်လတွင် အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ စခန်းများရှိ ခရစ်ယာန် ဘာသာဝင်အကျဉ်းသား/သူများအား ကျွေးမွေးလှူဒါန်းခြင်းနှင့် ဝတ်ပြုဆုတောင်းခြင်းများခွင့်ပြုခဲ့ရာ ရွှေဘို၊ မြစ်ကြီးနား၊ သရက်အကျဉ်းထောင်၊ ဘဲလင်း(၁)၊ ထုံးဘို(၂) ကုန်ထုတ်စခန်းတို့တွင် ဝတ်ပြုဆုတောင်းခြင်း၊ ဓမ္မတေးသီချင်းများသီဆိုခြင်းနှင့် ကျွေးမွေးလှူဒါန်းခြင်းများပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် အခြေခံရုံးလုပ်ငန်းသင်တန်း အမှတ်စဉ် (၁၇/၂၀၁၇) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပခြင်း



ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် အခြေခံရုံးလုပ်ငန်းသင်တန်း အမှတ်စဉ် (၁၇/၂၀၁၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ၂၃-၆-၂၀၁၇ရက်နေ့၊ (၀၉း၀၀)အချိန်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ လေ့ကျင့်ရေးဌာနစုတွင် ကျင်းပပြုလုပ်ခဲ့ရာ မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးမှ သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းကို ရုံးလုပ်ငန်းသဘောနှင့် ရုံးလုပ်ငန်းတာဝန်များ နားလည်တတ်ကျွမ်းပြီး ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများကို သိရှိလိုက်နာဆောင်ရွက်တတ်စေရန်၊ မီးသတ်ဦးစီးဌာန၏ ဦး/ရေး/ထောက်/ငွေစာရင်းဆိုင်ရာ ရုံးလုပ်ငန်းများ၊ မြို့နယ်ရုံးများ၏ အခြေခံငွေစာရင်းဌာနများနှင့် ရသုံးမှန်းခြေငွေစာရင်းရေးဆွဲမှုများကို သိရှိနားလည်ဆောင်ရွက်တတ်စေရန်၊ မိမိဝန်ကြီးဌာန၏ မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ပါသည်။

သင်တန်းဆင်းပွဲ အခမ်းအနားကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး၊ ခရိုင်မီးသတ်ဦးစီးမှူးများ၊ မြို့နယ်မီးသတ်ဦးစီးမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ်မီးသတ်စခန်းအသီးသီးမှ သင်တန်းသား/သူ(၅၀)ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို ၂၀၁၇ခုနှစ်၊ မေလ ၂၉ ရက်နေ့မှ ဇွန်လ ၂၃ ရက်နေ့အထိ ရက်သတ္တ (၄) ပတ်ကြာ ဖွင့်လှစ်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင်ပိုလန်နိုင်ငံမှလက်ခံရရှိမည့် အဆင့်မြင့်မီးသတ်ယာဉ်နှင့် စက်ကိရိယာကိုင်တွယ်ထိန်းသိမ်းမှု အကြိုလေ့ကျင့်ရေး သင်တန်းဆင်းပွဲအခမ်းအနားကျင်းပခြင်း

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် ပိုလန်နိုင်ငံမှ လက်ခံရရှိမည့် အဆင့်မြင့် မီးသတ်ယာဉ်နှင့် စက်ကိရိယာကိုင်တွယ်ထိန်းသိမ်းမှု အကြိုလေ့ကျင့်ရေး သင်တန်းဆင်းပွဲ အခမ်းအနားကို ၁၀-၇-၂၀၁၇ရက်နေ့၊ (၀၉း၀၀)အချိန်တွင်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ သီတာခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ မီးသတ်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူမှ သင်တန်းဆင်း အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါ အဆင့်မြင့်မီးသတ်ယာဉ်နှင့် စက်ကိရိယာကိုင်တွယ်ထိန်းသိမ်းမှု အကြိုလေ့ကျင့်ရေးသင်တန်းကို ပိုလန်နိုင်ငံမှ လက်ခံရရှိမည့် အဆင့်မြင့် မီးသတ်ယာဉ်နှင့် စက်ကိရိယာများ ကိုင်တွယ်ထိန်းသိမ်းအသုံးပြုပြီး မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပိုလန်နိုင်ငံ **WISS Corporation** နှင့် **Secure Networks** ကုမ္ပဏီတို့မှ ကျွမ်းကျင်နည်းပြဆရာများဖြင့် သင်တန်းကာလရက်သတ္တ(၅) ပတ်ကြာ ဖွင့်လှစ်ခဲ့ပါသည်။

သင်တန်းဆင်းပွဲ အခမ်းအနားကို မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် အရာရှိကြီးများ၊ ရန်ကုန်တိုင်း ဒေသကြီးမီးသတ်ဦးစီးမှူး၊ ခရိုင်မီးသတ်ဦးစီးမှူးများ၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ ပိုလန်နိုင်ငံ **WISS Corporation** နှင့် **Secure Networks** ကုမ္ပဏီတို့မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများနှင့် အရာရှိသင်တန်းသား/သူ(၄၈)ဦးတို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## “အ” သုံးလုံးသင်တန်းဖွင့်လှစ်သင်ကြားပေးခြင်း



အကျဉ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် စာမတတ်မြောက်သူ အကျဉ်းသူများသည် ပြင်ပနယ်ပယ်သို့ ရောက်ရှိပါက စာပေမတတ်မြောက်မှုကြောင့် စိတ်အားငယ်မှုမရှိစေရန်အတွက် လူမှုပတ်ဝန်းကျင်တွင် လူတန်းစေ့နေနိုင်စေရန်ရည်ရွယ်၍ **“အ”** သုံးလုံး သင်တန်းများဖွင့်လှစ် သင်ကြားပေးလျက်ရှိရာ ၁၂-၃-၂၀၁၇ ရက်နေ့မှ ၄-၈-၂၀၁၇ ရက်နေ့ထိ စာမတတ်သူ အကျဉ်းသူ ၃၀ ဦးအား အကျဉ်းသူဆရာမ ၂ ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## စက်ချုပ်ပညာအခြေခံသင်တန်းဖွင့်လှစ်ပေးခြင်း

အကျဉ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ ကော့သောင်း အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသူများအား ပြစ်ဒဏ်မှလွတ်မြောက်သွားသော အခါ အသက်မွေးဝမ်းကျောင်း အတတ်ပညာတစ်ခုခု တတ်မြောက်သွားစေရန် ရည်ရွယ်၍ စက်ချုပ်ပညာအခြေခံသင်တန်း (၁/၂၀၁၇)အား သင်တန်းသား အကျဉ်းသူ ၁၅ ဦး၊ စက်ချုပ်ပညာသင်ကြားပေးမည့် အကျဉ်းသူ ၂ ဦးဖြင့် ၁၂-၆-၂၀၁၇ မှ ၁၂-၈-၂၀၁၇ ရက်နေ့အထိဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။



## ပြည်ထဲရေးဝန်ကြီးဌာန၊မီးသတ်ဦးစီးဌာနတွင်အဆင့်မြင့်ကွန်ပျူတာသင်တန်း အမှတ်စဉ်(၅/၂၀၁၇)သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပခြင်း



ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် အဆင့်မြင့်ကွန်ပျူတာသင်တန်း အမှတ်စဉ် (၅/၂၀၁၇) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၃-၇-၂၀၁၇ရက်နေ့၊ (၀၉း၀၀) အချိန်၊ ရန်ကုန်မြို့ ၊ မရမ်းကုန်းမြို့နယ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ လေ့ကျင့်ရေး ဌာနစုတွင် ကျင်းပပြုလုပ်ခဲ့ရာ မီးသတ်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူမှ သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းကို မီးသတ်ဦးစီးဌာနရှိ တပ်ဖွဲ့ဝင်များဖြင့် ယနေ့မျက်မှောက်ခေတ်ကာလ၏ နိုင်ငံတကာမှာတိုးတက်ဖွံ့ဖြိုးလာသည့် ကွန်ပျူတာအသုံးချမှုများ၊ **ICT** နည်းပညာရပ်များ၊ **e-Government** နည်းစနစ်များကို လေ့လာနိုင်ရန်နှင့် ကွန်ပျူတာ အသုံးချနည်းပညာရပ်များကို **Microsoft Office 2017** မှ **Microsoft Word, Microsoft Office PowerPoint, Adobe Page Maker 7.0** အခြေခံစာစီစာရိုက်စနစ်၊ **e-Government** လုပ်ငန်းစနစ်များအကြောင်း၊ **Internet & Email** အသုံးပြုနည်း၊ မီးသတ်တပ်ဖွဲ့၏ **Command & Control Center** အကြောင်းများအပြင် ကွန်ပျူတာတစ်လုံး၏ တပ်ဆင်ဆောင်ရွက်ထားပုံများ၊ မည်သို့ပြင်ဆင်ရမည်ဆိုသည့် အပိုင်းများကို ကျွမ်းကျင်ပိုင်နိုင်စွာလုပ်ငန်းခွင်တွင် အသုံးချနိုင်အောင် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားကို မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှူး၊ ခရိုင်မီးသတ်ဦးစီးမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ်မီးသတ်စခန်းအသီးသီးမှ သင်တန်းသား/သူ(၂၅)ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို ၂၀၁၇ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့မှ ဩဂုတ်လ ၂၅ ရက်နေ့အထိ ရက်သတ္တ(၈)ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

## မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ယာဉ်မောင်းသင်တန်း အမှတ်စဉ်(၁၄/၂၀၁၇) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပခြင်း



မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ပြင်ဦးလွင်မြို့တွင် ယာဉ်မောင်းသင်တန်းအမှတ်စဉ်(၁၄/၂၀၁၇) သင်တန်းဆင်းပွဲအခမ်းအနားကို ဗဟိုမီးသတ်သင်တန်းကျောင်း၊ အနော်ရထာခန်းမ၌ ၁၆-၆-၂၀၁၇ရက်နေ့၊ (၀၈း၀၀) အချိန်တွင် ကျင်းပပြုလုပ်ခဲ့ရာ၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်းမှ သင်တန်းဆင်းပွဲမိန့်ခွန်း ပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ သင်တန်းသား(၅၀)ဦးအား မီးသတ်တပ်ဖွဲ့ယာဉ်မောင်းများသည် မီးသတ်ယာဉ်ရေတင်ဆောင်မောင်းနှင်ရာတွင် ရေ၏အလေးချိန်၊ ဖိအား၊ လှုပ်ရှားမှုသဘောတရားများအား နားလည်သိရှိပြီး လုပ်ငန်းသုံးယာဉ်များ မောင်းနှင်ရာတွင်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေတို့ကို ပိုမိုနားလည်ကျင့်သုံး လိုက်နာတတ်စေရန် စာတွေ့/လက်တွေ့ သင်ကြားလေ့ကျင့်ပေးရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

သင်တန်းဆင်းပွဲ အခမ်းအနားကို ဗဟိုမီးသတ်သင်တန်းကျောင်းမှ ဒုတိယကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဌာနခွဲမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများ၊ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ၂၀၁၇ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှ ဇွန်လ ၁၆ရက်နေ့အထိ ရက်သတ္တ(၈)ပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန၊မီးသတ်ဦးစီးဌာနတွင်မီးဘေးလုံခြုံရေးတာဝန်ခံသင်တန်း အမှတ်စဉ်(၄၈/၂၀၁၇) သင်တန်းဖွင့်ပွဲကျင်းပ

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် မီးဘေးလုံခြုံရေးတာဝန်ခံ **(Fire Safety Manager)** သင်တန်း အမှတ်စဉ်(၄၈/၂၀၁၇)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၁၀-၇-၂၀၁၇ရက်နေ့၊ (၁၀း၃၀)အချိန်တွင် အမှတ်(၂၇၅/ဘီ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်ရှိ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေးအသိပညာပေးရေးဌာနတွင် ကျင်းပပြုလုပ်ခဲ့ရာ မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးကျော်သူရမှ သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းကို နိုင်ငံတော်ရှိ စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများ၊ ကုမ္ပဏီရုံးကြီးများ၊ ဈေးများ၊ မီးဘေးစိုးရိမ်ရသောလုပ်ငန်းများတွင် မီးဘေးလုံခြုံရေးစီမံခန့်ခွဲမှုစနစ်များကို စနစ်တကျစီမံခန့်ခွဲနိုင်ရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ကြီးမားသည့်အနှောက်အယှက်အဟန့်အတားဖြစ်စေသော မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့လာပါက အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော်မီးဘေးကာကွယ်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူလူထုအတွင်း မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအသိပညာများစိမ့်ဝင်ပျံ့နှံ့စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ခရိုင်မီးသတ်ဦးစီးမှူးများ၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်ဥက္ကဌများ၊ ဈေးသာယာရေးကော်မတီဥက္ကဌများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများ၊ ကုမ္ပဏီရုံးကြီးများ၊ ဈေးများ၊ မီးဘေးစိုးရိမ်ရသောလုပ်ငန်းများတွင် မီးဘေးလုံခြုံရေးတာဝန်ခံအဖြစ်တာဝန်ထမ်းဆောင်မည့် သင်တန်းသား/သူ(၅၀)ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို ၂၀၁၇ခုနှစ်၊ ဇူလိုင်လ (၁၀) ရက်နေ့မှ ဩဂုတ်လ(၄)ရက်နေ့အထိ ရက်သတ္တ(၄)ပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ယာဉ်မောင်းသင်တန်း အမှတ်စဉ်(၁၅/၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ပြင်ဦးလွင်မြို့တွင် ယာဉ်မောင်း သင်တန်းအမှတ်စဉ် (၁၅/၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဗဟိုမီးသတ်သင်တန်းကျောင်း၊ အနော်ရထာခန်းမ၌ ၃-၇-၂၀၁၇ရက်နေ့၊ (၀၈း၃၀) အချိန်တွင် ကျင်းပပြုလုပ်ခဲ့ရာ၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းကျော်ကျော်မှ သင်တန်းဖွင့်ပွဲမိန့်ခွန်းပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ သင်တန်းသားများအား မီးသတ်တပ်ဖွဲ့ယာဉ်မောင်းများသည်မီးသတ်ယာဉ်ရေတင်ဆောင်မောင်းနှင်ရာတွင် ရေ၏အလေးချိန်၊ ဖိအား၊လှုပ်ရှားမှုသဘောတရားများအား နားလည်သိရှိပြီး လုပ်ငန်းသုံးယာဉ်များမောင်းနှင်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေတို့ကို ပိုမိုနား လည်ကျင့်သုံး လိုက်နာတတ်စေရန် စာတွေ့/လက်တွေ့ သင်ကြားလေ့ကျင့်ပေးရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဗဟိုမီးသတ်သင်တန်းကျောင်းမှကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဌာနခွဲမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ သင်တန်းသားအင်အား (၅၀)ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ၂၀၁၇ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့မှ ဩဂုတ်လ ၂၅ ရက်နေ့အထိ ရက်သတ္တ(၈)ပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်ဝင်းအတွင်း သမိုင်းဝင်ကျိုက်ဗောဓိစေတီတော်မြတ်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဆဌမအကြိမ်မြောက် ဝါဆိုရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပခြင်း

၈-၇-၂၀၁၇ ရက်နေ့၊ ၀၉း၀၀ အချိန်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်ဝင်းအတွင်းရှိ သမိုင်းဝင်ကျိုက်ဗောဓိစေတီတော်မြတ်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပခဲ့ရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး၏ဇနီး ဒေါက်တာဒေါ်ခင်မေအေး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့်ဇနီး ဒေါ်ခင်ယုံ၊ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တပ်ဖွဲ့ဝင်များ တက်ရောက်ကြပါသည်။



အခမ်းအနားကို နမောတဿ (၃)ကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သမိုင်းဝင်ကျိုက်ဗောဓိစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

ထို့နောက် ဆရာတော်သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ ပရိတ်တရားတော်များနာကြားခြင်း၊ ရေစက်သွန်းချအမျှပေးဝေခြင်းများ ပြုလုပ်ခဲ့ကြပြီး၊ ဝါဆိုသင်္ကန်းများ၊ လှူဘွယ်ဝတ္ထုအစုစုနှင့် ဆွမ်းခဲဘွယ်များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## မီးသတ်ဦးစီးဌာန၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဆွေးနွေးပွဲကျင်းပခြင်း



၁၃-၇-၂၀၁၇ရက်နေ့၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ သီတာခန်းမတွင် မီးသတ်ဦးစီးဌာန၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဆွေးနွေးပွဲကို မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ဇနီးဒေါက်တာဒေါ်ခင်မေအေး ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ မိသားစုဝင်များနှင့် တပ်ဖွဲ့ဝင်အမျိုးသမီးဝန်ထမ်းများ တက်ရောက်ကြပါသည်။ ဆွေးနွေးပွဲတွင် မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မေအေးမှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး မိသားစုဝင်များကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်အောင်၏ဇနီး ဒေါ်နီနီအေးမှ **“အဖြစ်များတဲ့မိုးရာသီရောဂါများအကြောင်း”**ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တပ်ဖွဲ့ဝင်အမျိုးသမီးဝန်ထမ်းများ ကိုယ်စားလက်ထောက်မီးသတ်ဦးစီးမှူး ဒေါ်ထိပ်ထားလှိုင်မှ**“ဘဝနဲ့ ယောက်သွားအကြောင်း”** ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြပါသည်။

ထို့နောက် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ ဒေါက်တာဒေါ်ခင်မေအေးမှ ဆွေးနွေးတင်ပြချက်များအပေါ် ထပ်ဆင့်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီးနောက် လိုင်းခန်းသန့်ရှင်းရေး အကောင်းဆုံးဆုရရှိသူ အမျိုးသမီးတပ်ဖွဲ့ဝင်အိမ်ရှင်မ(၁)ဦးနှင့် မိသားစုအိမ်ရှင်မ(၁)ဦးတို့အား ဆုများအသီးသီး ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မန္တလေးတိုင်းဒေသကြီး၊ညောင်ဦးမြို့နယ်အတွင်းရပ်ကွက်/ကျေးရွာများတွင် သွေးလွန်တုတ်ကွေးရောဂါကာကွယ်ရေးဆောင်ရွက်ချက်



မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အတွင်း သွေးလွန်တုတ်ကွေးရောဂါဖြစ်ပွားခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ထပ်မံမဖြစ်ပွားစေရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက်၂၁-၆-၂၀၁၇ရက်နေ့မှ ၂၃-၆-၂၀၁၇ရက်နေ့အထိ အိမ်ခြေ(၅၉၀)လုံးတွင် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၂၇)ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်(၄၅)ဦးတို့မှ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ခြင်ဆေးဖျန်းခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ဖုန်း၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## နေပြည်တော်၊တပ်ကုန်းမြို့နယ်အတွင်းရာဖွေကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်ချက်များ

၇-၇-၂၀၁၇ရက်နေ့၊ (၀၈း၀၀)အချိန်မှ (၀၉း၀၀)အချိန်ထိ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်အတွင်းတွင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက လျင်မြန်စွာတုန့်ပြန်ဆောင်ရွက်နိုင်ရေးအတွက် တပ်ကုန်းမြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၅)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၃၅)ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင်(၁၀)ဦးတို့နှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

အဆိုပါဇာတ်တိုက်လေ့ကျင့်မှုအား နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်သူလူထု(၂၀၀)ဦးခန့် တက်ရောက်အားပေးခဲ့ကြောင်းနှင့် နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်မှ တပ်ကုန်းမြို့နယ်မီးသတ်ဦးစီးဌာနသို့ **Chain Saw** (၁)လက်မ၊ ပေ(၁၀၀)အသက်ကယ်ကြိုး(၁)ခွေ၊ **Carabiners** (၂)ခု ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ Amazon Private School ၌ မီးဘေးလုံခြုံရေးအတွက် အသိပညာပေးဟောပြောပို့ချခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်မှု သရုပ်ပြသခြင်း

၃-၇-၂၀၁၇ရက်နေ့၊ (၁၄း၀၀)အချိန်မှ (၁၅း၃၀)အချိန်အထိ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်မီးသတ်စခန်းမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၄)ဦးတို့သည် **Amazon Private School** ၌ မီးဘေးလုံခြုံရေးအတွက် အသိပညာပေးဟောပြောပို့ချခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်မှုသရုပ်ပြသခြင်းများ ပြသခဲ့ကြောင်း သတင်းရရှိပါသည်။



## ရေကြောင်းရဲတပ်ဖွဲ့မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရ ကျောင်းသား/ ကျောင်းသူများ၊ အောင်မြင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများပေးအပ်ချီးမြှင့်ခြင်းနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် တပ်ဖွဲ့ဝင်သားသမီးများအား စာရေးကိရိယာများထောက်ပံ့ပေးအပ်




ရေကြောင်းရဲတပ်ဖွဲ့မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ဂုဏ်ထူးရ ကျောင်းသား/ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသည့် တပ်ဖွဲ့ဝင်များ၏ သားသမီးများအတွက် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားအား ၁၈-၆-၂၀၁၇ ရက်နေ့ ၀၉း၃၀အချိန် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ သီလဝါရှိ ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)၊တပ်ဖွဲ့ခွဲရုံး၌ ကျင်းပပြုလုပ်ခဲ့ရာ ရေကြောင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် နေမိုးသက်က ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ဂုဏ်ထူးရ ကျောင်းသား/ကျောင်းသူ (၅)ဦးအတွက် ဂုဏ်ထူးတစ်ဘာသာလျှင် (၅၀,၀၀၀)ကျပ်စီဖြင့်လည်းကောင်း၊ ရိုးရိုးအောင်မြင်သူ ကျောင်းသား/ကျောင်းသူ (၈)ဦးအတွက် တစ်ဦးလျှင် (၂၀,၀၀၀)ကျပ်စီဖြင့်လည်းကောင်း၊ စုစုပေါင်း ဂုဏ်ပြုချီးမြှင့်ငွေ (၈၆၀,၀၀၀)ကျပ် ချီးမြှင့်ခဲ့ပြီး တပ်ဖွဲ့မှူး၏ ဇနီး ဒေါ်ကေသီက ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် တပ်ဖွဲ့ဝင်မိသားစုများ၏ သားသမီးများဖြစ်သည့် မူလတန်း (၈၇)ဦး၊ အလယ်တန်း(၅၅)ဦး၊ အထက်တန်း(၃၃)ဦး၊ တက္ကသိုလ်ကျောင်းသား(၂၁)ဦး၊ စုစုပေါင်း (၁၉၆)ဦးတို့အား တစ်ဦးလျှင် ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံ တစ်ဒါဇင်၊ ဘောလ်ပင် တစ်ဒါဇင်၊ စုစုပေါင်းတန်ဖိုး ငွေကျပ် (၆၄၁,၉၀၀) ကျပ်အား ထောက်ပံ့ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ရေကြောင်းရဲတပ်ဖွဲ့မှူးနှင့် ဇနီး၊ ဦးစီးအရာရှိ(ပထမတန်း) ဦး/ရေး/ထောက်နှင့် ဇနီးများ၊ ရေကြောင်းရဲတပ်ဖွဲ့ခွဲမှူး(ရန်ကုန်)နှင့် ဇနီး၊ တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ ကျောင်းသား/ကျောင်းသူများ၊ စုစုပေါင်း (၁၂၀)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

## အမျိုးသမီးရဲတပ်သားသစ်သင်တန်း အမှတ်စဉ်(၃၇/၂၀၁၇) သင်တန်းဆင်းပွဲကျင်းပ

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်း(ရမည်းသင်း)တွင် ၁၆-၁-၂၀၁၇ရက်နေ့မှ ၇-၇-၂၀၁၇ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားခဲ့သည့် အမျိုးသမီးရဲတပ်သားသစ်သင်တန်း အမှတ်စဉ်(၃၇/၂၀၁၇)၊ သီဟတပ်ခွဲ သင်တန်းဆင်းပွဲ အခမ်းအနားကို ၇-၇-၂၀၁၇ရက်နေ့ ၀၇း၃၀ အချိန်မှ ၀၈း၁၀အချိန်အထိ အဆိုပါ စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ရဲမှူးကြီးစန်းလွင်တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်းပြောကြားခဲ့ပြီး သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသူ(၁၄၇)ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်းနှင့် သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသူများ၊ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း (၆၀၂)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ပိုင်ရှင်မဲ့တွေ့ရှိသည့် Cannon ကင်မရာ(၁)လုံးအား ပိုင်ရှင်စုံစမ်းရှာဖွေ၍ ပြန်လည်ပေးအပ်

၄-၇-၂၀၁၇ရက်နေ့ ၁၆း၀၀အချိန် **Myanmar Tourism Federation(MTF)** မှ မတိုးတိုးလွင်(၂၅)နှစ်သည် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ အာနန္ဒာဘုရား အရှေ့ဘက်မုခ်အနီးမှ **Cannon** ကင်မရာ(၁)လုံးအား ပိုင်ရှင်မဲ့တွေ့ရှိထားကြောင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စု(ပုဂံ)သို့ ဆက်သွယ်အကြောင်းကြားချက်အရ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ပိုင်ရှင်အား လိုက်လံစုံစမ်းရှာဖွေခဲ့ရာ ယင်းနေ့တွင်ပင် ညောင်ဦးမြို့၊ အမှတ်(၃)နယ်မြေ၊ ဒေဗဟိုတယ်တွင် တည်းခိုနေထိုင်လျက်ရှိသည့် ဘယ်လ်ဂျီယံနိုင်ငံသား **Mr. Thoaas** ၏ ကင်မရာဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် အာနန္ဒာဘုရားဂေါပကရုံး၌ သက်သေများရှေ့တွင် ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။




## မှုခင်းကျဆင်းရေးနှင့် မှုခင်းများမဖြစ်ပွားစေရေးအတွက် မန္တလေးမြို့တွင် အထူးပိတ်ဆို့ရှာဖွေစစ်ဆေးရေးများ ပြုလုပ်လျက်ရှိ



မန္တလေးမြို့အတွင်း မှုခင်းကျဆင်းရေးနှင့် မှုခင်းများမဖြစ်ပွားစေရေးအတွက် ရဲတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် နေ့စဉ်ပိတ်ဆို့ရှာဖွေစစ်ဆေးရေးများ ပြုလုပ်လျက်ရှိရာ ၈-၇-၂၀၁၇ ရက်နေ့ညက မြို့ဝင်/ထွက် ဂိတ်များ၊ မန္တလေးမြို့တွင်း မြို့နယ်(၇)မြို့နယ်ရှိ သတ်မှတ်နေရာ(၇)နေရာ၌လည်းကောင်း၊ ၉-၇-၂၀၁၇ ရက်နေ့ နံနက်ပိုင်းတွင် မြို့ဝင်/ထွက်ဂိတ်များ၊ မန္တလေးမြို့တွင်း မြို့နယ်(၃)မြို့နယ်ရှိ သတ်မှတ်နေရာ (၃)နေရာများ၌လည်းကောင်း အထူးပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## မှုခင်းအသိပညာတိုးပွားလာစေရေးအတွက် မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်ဟောပြောပြသ




မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ စီစဉ်ညွှန်ကြားချက်အရ ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်သူများ မှုခင်းကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ဗဟုသုတိုးပွားစေရေးနှင့် ပြည်သူလူထုနှင့်အတူ မှုခင်းများပူးပေါင်းဖော်ထုတ်နိုင်ရေးအတွက် မှုခင်းပညာပေး ပြခန်းယာဉ်များဖြင့် အသိပညာပေး လှည့်လည်ဟောပြောပြသလျက်ရှိရာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၏ ကြီးကြပ်မှုဖြင့် ၂၆-၆-၂၀၁၇ရက်နေ့က မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဖြူဘကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ဆရာ/ ဆရာမများ၊ ကျောင်းသား/သူများ၊ ကျေးရွာနေပြည်သူများ၊ စုစုပေါင်း(၁၅၀)ဦးတို့အား မှုခင်းကြိုတင်ကာကွယ် တားဆီးရေး၊ လူကုန်ကူးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း/လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေးခြင်းလုပ်ငန်းများ လှည့်လည်ပညာပေး ဟောပြောပြသခဲ့ပြီး တပ်ဖွဲ့ဝင်များက မှုခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

## ရေဘေးသင့်ပြည်သူများထံသို့ ရဲတပ်ဖွဲ့ဝင်များက သောက်သုံးရေသန့်သွားရောက်လှူဒါန်း



၁၄-၇-၂၀၁၇ ရက်နေ့ နံနက် ၀၉း၃၀ အချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ကွမ်းခြံကျေးရွာ၊ နှုန်းတန်းကျေးရွာနှင့် အင်တောကျေးရွာတို့တွင် မိုးသည်းထန်စွာရွာသွန်း၍ ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး ကျေးရွာနေပြည်သူများ သောက်သုံးရေအခက်အခဲဖြစ်နေသဖြင့် ဘုတလင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းလှိုင် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များမှ အဆိုပါကျေးရွာများရှိ သောက်ရေသန့်ပုံးကြီး(၁၅၀)ပုံးအား သွားရောက် လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ခရီးသည်တင်ယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသည့် ကျောက်စိမ်းတုံးများဖမ်းဆီးရမိ



၁၉-၆-၂၀၁၇ ရက်နေ့ ၂၃း၃၀ အချိန် စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ မြတောင်လမ်းဆုံ၊ ရောဝတီ မောင်းတံဂိတ်တွင် ထီးချိုင့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ယာဉ်များအား စစ်ဆေးနေစဉ် ဖားကန့်ဘက်မှ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းကျေးရွာနေ ချိုလွင်ဦး(၄၀)နှစ် မောင်းနှင်လာသည့် **Hiace** ခရီးသည်တင် မှန်လုံယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံးဆိုဒ်စုံ (၁၃၁)တုံး တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် ချိုလွင်ဦးအား ထီးချိုင့်မြို့မရဲစခန်း (ပ) ၂၃၆/၂၀၁၇၊ ကျောက်မျက်ရတနာဥပဒေပုဒ်မ ၄၂(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

## ဆိုင်ကယ်တူးဘောက်အတွင်းမှသေနတ်(၂)လက်နှင့် ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိ



၅-၇-၂၀၁၇ ရက်နေ့ ၁၀း၅၀ အချိန် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ ရွှေဇင်ယော်ရပ်ကွက်၊ နန္ဒဝန်ဈေးအနီး၌ အမှတ်(၇၅)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ရှာဖွေစစ်ဆေးရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးများ ဆောင်ရွက်နေစဉ် အေးရိပ်ငြိမ်ရပ်ကွက်ဘက်မှ မြို့တွင်းဘက်သို့ ကော့သောင်းမြို့နယ်၊ ဖော့သုတ်ကျေးရွာနေ အေးသောင်း(၄၂)နှစ် မောင်းနှင်ပြီး လုံးဖောကျေးရွာအုပ်စုနေ နိုင်လင်း(၄၁)နှစ် လိုက်ပါလာသည့် **Wave i-125** ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ အဝတ်များဖြင့် ပတ်ထားသော ကျည်(၆)တောင့်ဖြည့်ထားသည့် ၃၂ ဗို့ခြောက်လုံးပြူး (၁)လက်နှင့် အပြာရောင်မိုးကာဖြင့် ထုပ်ထားသော ကျည်အိမ်အတွင်း ၄၅ဗို့ကျည်(၆)တောင့်ပါ ပစ္စတို(၁)လက်၊ ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်ထားသည့် ၄၅ ဗို့ကျည် (၆)တောင့်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့(၂)ဦးအား ကော့သောင်းမြို့မရဲစခန်း (ပ)၁၀၀၁/၂၀၁၇၊ လက်နက်များအက်ဥပဒေပုဒ်မ ၁၉(စ)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

## ဆိုင်ကယ်(၁)စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသူအား အမှုဖွင့်အရေးယူထား

၂၁-၆-၂၀၁၇ ရက်နေ့ ၁၉း၃၀ အချိန် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ စီတာပူရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် စီတာပူရပ်ကွက်ရှိ ဂျပန်လမ်းဆုံအရောက် ဟီးရိုးအန်ဘို-၁၂၅ နီ/နက်ကြားရောင် ဆိုင်ကယ်(၁)စီးနှင့်အတူ မသင်္ကာဖွယ်သူတစ်ဦးအား တွေ့ရှိစစ်ဆေးခဲ့ရာ မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်နေဆီဖူသား(၂၃)နှစ်ဖြစ်ပြီး ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် ၎င်းအား မြစ်ကြီးနားမြို့မရဲစခန်း (ပ) ၁၈၇/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၈၀/ ကျင့် ၅၄ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။



## အုပ်စုဖွဲ့၍ လုယက်မှုကျူးလွန်သူများအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

၁၉-၆-၂၀၁၇ ရက်နေ့ ၂၁း၃၀ အချိန် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ ကိုမျိုးသူသည် ညီဝမ်းကွဲ တော်စပ်သူနှင့်အတူ ပြည်လမ်းအတိုင်း ဒဂုံမြို့နယ်ဘက်မှ စမ်းချောင်းမြို့နယ်ဘက်သို့ ပြန်လာစဉ် ဒဂုံမြို့နယ်၊ ပြည်သူ့ ရင်ပြင်ရှေ့အရောက် **Probox** အဖြူရောင် အငှားယာဉ်(၁)စီး ရောက်ရှိလာပြီး ၎င်းယာဉ်ပေါ်မှ လူငယ်(၄)ဦးခန့် ဆင်းလာကာ ၎င်းတို့အား လက်သီးဖြင့်ထိုးကြိတ်၍ **SAMSUNG Glaxy J5** အမျိုးအစား လက်ကိုင်ဖုန်းကို လုယူစဉ် ကိုမျိုးသူ၏ သူငယ်ချင်းဖြစ်သူများ ရောက်ရှိလာပြီး ပြန်လည်ခုခံဖမ်းဆီးခဲ့ရာ တောင်ဥက္ကလာပမြို့နယ်နေ ကျော်ဇင်လတ်(ခ) မွေးနီ(၂၆)နှစ်အား ဖမ်းဆီးရမိခဲ့ပြီး ကျန်လူများမှာ မော်တော်ယာဉ်ဖြင့် မောင်းနှင် ထွက်ပြေးသွားခဲ့သဖြင့် ကျော်ဇင်လတ်(ခ)မွေးနီပါ လူငယ်များအား အရေးယူပေးပါရန် တိုင်တန်းချက်အရ ဒဂုံမြို့မရဲစခန်း (ပ) ၁၀၁/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ ဖြင့် အမှုဖွင့်ကာ အမှုမှထွက်ပြေးလွတ်မြောက်သွားသူများကို ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် အနောက်ပိုင်းခရိုင်၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင် များက ဖမ်းဆီးရမိသူ ကျော်ဇင်လတ်(ခ)မွေးနီအား စစ်ဆေးရာ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူများအနက် တောင်ဥက္ကလာပမြို့နယ်နေ ရန်နိုင်(ခ)ဇင်မင်းဦး(၂၀)နှစ်အား ၂၀-၆-၂၀၁၇ ရက်နေ့ ၀၆၀၀ အချိန်တွင် ဗဟန်းမြို့နယ် အတွင်း၌လည်းကောင်း၊ ၂၀-၇-၂၀၁၇ ရက်နေ့ ၀၈း၃၀ အချိန်တွင် ဗိုလ်တစ်ထောင်ဘုရားအနီး ထမင်းဆိုင်ပတ်ဝန်းကျင်၌ ကမာရွတ်မြို့နယ်နေ ကြက်ဖ(ခ) ဇော်ရှိန်(၂၂)နှစ်၊ ဝေယံ(ခ) ဖွဲ့ညီ(ခ) ဝက်ကလေး(၁၈)နှစ်၊ သာကေတမြို့နယ်နေ အုန်းကျော်(ခ) ဝင်းမင်းထွန်း (၁၈)နှစ်၊ တစ်မြို့နယ်တည်းနေ စိုးမင်းနိုင်(ခ) ရခိုင်(ခ) ရဲရင့်(၂၁)နှစ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နေ သန့်ဇင်ထွေး(ခ) ဖိုးထောင်(၂၆)နှစ်၊ ဗဟန်းမြို့နယ်နေ ခန့်ငြိမ်းသူ(ခ) အိကြူစံ(၁၅)နှစ်၊ တစ်မြို့နယ်တည်းနေ မဆင့်ဆင့်နိုင်(ခ)သားသား (၁၇)နှစ်၊ သန်လျင်မြို့နယ်နေ မအေးစုစံ(ခ) သံစဉ်ချို (၁၆)နှစ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ မမြတ်သူစံ(ခ) သျှားနဒီ (၁၇)နှစ်တို့သည် ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သော **Probox** ယာဉ်ဖြင့် ရောက်ရှိလာစဉ် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးခဲ့ရာ အဆိုပါအမှုအား အတူကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ကျော်ဇင်လတ်(ခ)မွေးနီပါ (၁၁)ဦးတို့အား အမှုဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် အခြားအမှုများ ကျူးလွန်ခြင်း ရှိ/မရှိ တိုက်ဆိုင်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိပါသည်။



# အသက်ကိုဉာဏ်စောင့်၏

**ရေးသားသူဆောင်းပါးရှင်– ရဲမှူးသောင်းငွေ**

အသက် ဆိုသည်မှာရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့် မဆန့်ကျင်လျှင် လူ၏အသက်ကို ဆိုလိုသည်ဟု ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၅ တွင် အဓိပ္ပါယ်ဖွင့်ဆိုထားရှိပါသည်။

ယနေ့နိုင်ငံတော်ကြီးသည် အဘက်ဘက်မှ ခေတ်မီဖွံ့ဖြိုးတိုးတက်လာပြီး လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်လာကာ နိုင်ငံတော်မှလည်း လမ်းများအား ကောင်းသထက်ကောင်းအောင် ပြုပြင်လာသည်မှာ မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပါ။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသဖြင့် အထက်အောက် (စုန်ဆန်) သွားလာနေကြသည့် ယာဉ်များလည်း မရေတွက်နိုင်အောင် များပြားလာသည်မှာ တိုင်းပြည်အတွက် ဂုဏ်ယူစရာကောင်းလှပါသည်။


အောင်မြင်မှု၏တစ်ဘက်တွင် ဆုံးရှုံးမှုရှိသည်ဟူသော စကားအတိုင်း နေ့စဉ်နှင့်အမျှ အသက်ကိုပင် ပေးဆပ်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေသည်ကို သတင်းစာ၊ ဂျာနယ်၊ မီဒီယာ၊ အင်တာနက် လူမှုကွန်ယက် သတင်းများတွင် ဝမ်းနည်းစရာကောင်းလောက်အောင် ကြားသိမြင်တွေ့နေကြရပေသည်။ ဆိုလိုသည်မှာ ဆိုင်ကယ်တိုက်ခြင်း၊ တိမ်းမှောက်ခြင်းတို့ကြောင့် ဦးခေါင်းနှင့် လမ်းမဆောင့်မိပြီး အခင်းဖြစ်နေရာ၌ပင် မရှုမလှ လူ့ဘဝရခဲလှစွာသော အသက်တစ်ချောင်းကို ပေးဆပ်ရခြင်းပင် ဖြစ်သည်။ ပို၍ ဝမ်းနည်းစရာကောင်းသည်မှာ အချို့သောမိသားစုများသည် ရှေးဘဝကုသိုလ်ကံ အကျိုးပေးကြောင့် စီးပွားတိုးတက်လာသဖြင့် မိသားစု ပျော်မဆုံး တပြုံးပြုံးဖြစ်နေရာမှ မြန်မာလူမျိုးများ၏ ဓလေ့ထုံးတမ်းအရ အလှူအတန်းများပြုလုပ်နိုင်ရေး လင်ယောကျ်ားဖြစ်သူမှ ဇနီးဖြစ်သူအား ဆိုင်ကယ်ပေါ်တင်ပြီး ဈေးသို့ထွက်လာစဉ် အပျော်၏အဆုံးတွင် ဝမ်းနည်းစရာရှိတတ်သည် ဆိုရိုးအတိုင်း ဆိုင်ကယ်တိမ်းမှောက်ပြီး ဇနီးဖြစ်သူမှ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျပြီး ဆိုင်ကယ်စီးဦးထုပ်မပါသဖြင့် လမ်းနှင့်ဦးခေါင်း ဆောင့်မိကာ အသက်ဆုံးရှုံးသွားခဲ့ပြီး ယောကျ်ားဖြစ်သူမှာလည်း ခြေထောက်ကျိုးဒဏ်ရာဖြင့် ဆေးရုံတွင် တက်ရောက်ကုသခဲ့ရပါသည်။ ဒါတွင်မပြီးသေး ဥပဒေက မနေပါ။ ယောကျ်ားဖြစ်သူအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၄–က အရ (ပေါ့လျော့ခြင်းဖြင့် လူသေမှု)ဖြင့် အမှုရေးဖွင့်ပြီး အာမခံပေးခွင့်မရသော အမှုဖြစ်သဖြင့် ယောကျ်ားဖြစ်သူမှာ ဆေးရုံခုတင်တွင်ပင် လက်ထိပ်ခတ်လျှက် အမှုရင်ဆိုင်ရပေဦးမည် ဖြစ်ပါသည်။ ထိုဖြစ်စဉ်တွင် မိသားစု/ဆွေမျိုးသားချင်း အသိုင်းအဝိုင်းများ ပရိဒေဝသောကမီး တောက်လောင်ကြရပေသည်။

တစ်ချို့တစ်ဦးတည်း ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ ဆိုင်ကယ်အား အရမ်းမောင်းနှင်လာရာမှ လမ်းဘေးသစ်ပင်အားဝင်တိုက်မိပြီး ဦးခေါင်း ပြင်းထန်စွာ ဒဏ်ရာရရှိကာ ဆိုင်ကယ်တစ်စီးလုံးလည်း ရစရာမရှိအောင် ပျက်စီးသွားခဲ့ပါသည်။ ဒါလည်း မိမိကိုယ်တိုင် မောင်းနှင်သည့် မိမိဆိုင်ကယ်ဖြစ်ပြီး မိမိကိုယ်တိုင်ပင် ဒဏ်ရာရရှိခြင်းဖြစ်သော်လည်း ဥပဒေက မနေပါ။ ဒဏ်ရာရရှိသူအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၇၉/၃၃၇/၃၃၈ (အရမ်းမောင်းနှင်မှုကြောင့် လူ့အသက်ကို အန္တရာယ်ဖြစ်စေမှု)ဖြင့် အမှုရင်ဆိုင်ကြရပေဦးမည်ဖြစ်သည်။

ဒါတွေကို ကုစားနိုင်မည့်နည်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရှိကြပါသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှ ယာဉ်/လမ်း စည်းကမ်းများအား အာပေါက်အောင်ပြောကြားခြင်း၊ ဆိုင်ကယ်စီးဦးထုပ် မဆောင်းဘဲ ဦးခေါင်းတစ်ခုလုံးအကာအကွယ်မဲ့ မစီးနင်းကြရန် ပိုစတာများစိုက်ထူသတိပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပညာပေးစည်းရုံးဟောပြောခြင်းများ ကြိုးစားဆောင်ရွက်ကြသော်လည်း လူတိုင်းမဟုတ်ပေမယ့် တစ်ချို့သောသူများသည် ပုံကြီးချဲ့သည်ဟု ရဲတပ်ဖွဲ့အပေါ် အပြစ်မြင်ကြသည်သာများကြပေသည်။

လူသားအားလုံးသည် ကိုယ်သာလျှင် ကိုယ့်ဘဝပဲ့ကိုင်ဖြစ်ပြီး ကိုယ့်စိတ်ကိုယ်ပိုင် ကိုယ်နိုင်ရမည် ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှု မဖြစ်စေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နေပူမိုးရွာမရှောင် အပင်ပန်းခံပြီး ယာဉ်စည်းကမ်း/လမ်းစည်းကမ်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေခဲ့ကြပါသည်။ ထိုသို့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ကြရာတွင် ပြည်သူလူထုမှ ပါဝင်ဝိုင်းရံပေးကြစေလိုကြောင်း (**အသက်ကိုဉာဏ်စောင့်၏**) စကားဖြင့် ပြည်သူအပေါ် ကျေးဇူးဆပ် ရေးသားတင်ပြလိုက်ရပေတော့သည်။ ◆

## ရောဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ လုယက်မှုကျူးလွန်သူများအား အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီး အရေးယူထား



၁–၇–၂၀၁၇ ရက်နေ့ ၁၉း၃၀ အချိန် ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့၊ အမှတ်(၃)ရပ်ကွက်နေ မောင်ကျော်ထက်(၂၁)နှစ်သည် သူငယ်ချင်းဖြစ်သူ မဇာခြည်ဝင်း (၁၉)နှစ်နှင့်အတူ ပုသိမ်မြို့၊ ရေပေါ်ဂေါက်ကွင်းအနီးမှ အဆောင်သို့ လမ်းလျှောက်ပြန်လာစဉ် လမ်းဘေးခြုံပုတ်အတွင်းမှ အမည်မသိ အမျိုးသား(၂)ဦးထွက်လာပြီး အင်္ကျီအနီရောင်ဝတ်ဆင်ထားသူက မောင်ကျော်ထက်အား လက်သီးဖြင့်ထိုး၍ နှစ်ဦးစလုံးကို ထိုင်ခိုင်းထားစဉ် အင်္ကျီအနက်ရောင်ဝတ်ဆင်ထားသူက ဓားဖြင့်ချိန်ရွယ်ပြီး မောင်ကျော်ထက် ဝတ်ဆင်ထားသော အလေးချိန် ၈ ပဲ ၂ ရွေးခန့်ရှိ ရွှေဆွဲကြိုး(၁)ကုံး၊ မဇာခြည်ဝင်း ဝတ်ဆင်ထားသည့် အလေးချိန် ၄ ပဲ ၂ ရွေးခန့်ရှိ ရွှေဆွဲကြိုး (၁)ကုံး၊ ၅ ရွေးသားခန့်ရှိ ရွှေနားကပ် ၁ ရံနှင့် **Oppo** အမျိုးအစား လက်ကိုင်ဖုန်း(၁)လုံးတို့အား လုယူထွက်ပြေးသွားသောကြောင့် အရေးယူပေးရန် တိုင်တန်းချက်အရ ပုသိမ်မြို့မရဲစခန်း (ပ) ၂၃၆/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ ဖြင့် အမှုဖွင့်စစ်ဆေးခဲ့သည်။ သတင်းရသည်နှင့် ပုသိမ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုဦးစီးသည့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ပိတ်ဆို့ရှာဖွေခဲ့ရာ ည ၂၂း၃၀ အချိန်တွင် ကန်သာကွင်းခြုံပုတ်အတွင်း ပုန်းအောင်းနေသော ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်နေ မြတ်သူ(ခ) မြတ်သူစိုးမြင့် (၂၇)နှစ်နှင့် အမှတ်(၈)ရပ်ကွက်နေ ကောင်းဝင်းထွဋ်(ခ) ကောင်းလေး (၂၄)နှစ်တို့အား လုယူသွားသည့် သက်သေခံပစ္စည်းများ၊ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုသည့် အရိုးအသွား (၇)လက်မခန့်ရှိ ဓားဦးချွန် (၁)ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့(၂)ဦးအား အမှုဖြင့် ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

## တရားမဝင်သစ် သယ်ဆောင်လာသူများအား အရေးယူထား

၁၈–၆–၂၀၁၇ ရက်နေ့ ၂၂း၀၀ အချိန် ရှမ်းပြည်နယ်၊ ရွာငံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ရွာငံ–မြို့ကြီး–ဟံမြင့်မိုရ် ကားလမ်း၊ မိုင်တိုင်အမှတ် (၃၆/၁)အနီး၌ တောင်ကြီးမြို့နယ်၊ ကွမ်းလုံကျေးရွာနေ ကိုနိုင်(၄၅)နှစ် မောင်းနှင်ပြီး ရပ်စောက်မြို့၊ မြို့ဦးရပ်ကွက်နေ ကျော်စွာလင်း(၃၈)နှစ်နှင့် သစ်ပိုင်ရှင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နေ ဘိုးတို(ခ)မင်းစိုး(၃၆)နှစ်တို့လိုက်ပါလာသည့် ၇၅/××××× အပြာရောင်လေးလုံးထိုးထော်လာဂျီယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်ပေါ်မှ တရားမဝင် တမလန်းသစ်ဓားရွေ (၅၀)ချောင်း (၁.၁)တန်၊ ပိတောက်သစ်ခွဲသား(၅)ချောင်း (၀.၁၄၆၆)တန်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ယာဉ်မောင်း ကိုနိုင်ပါ (၃)ဦးတို့အား ရွာငံမြို့မရဲစခန်း (ပ) ၂၇/၂၀၁၇၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(၁)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

## နှစ်လုံးထီလောင်းကစားပြုလုပ်သူအား လောင်းကြေးငွေ(၁၀)သိန်းကျော်ဖြင့် ဖမ်းဆီးရမိ

၁၃–၇–၂၀၁၇ ရက်နေ့ နံနက် ၁၁း၂၀ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွား ရပ်ကွက်နေဦးဇော်မျိုးအောင် (၅၁)နှစ်၏ နေအိမ်တွင် နှစ်လုံးထီလောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ တိုင်းရဲအကူ တပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၁) နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေ ဖမ်းဆီးခဲ့ရာ နေအိမ်၌ ဦးဇော်မျိုးအောင်အား နှစ်လုံး ထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေ (၁,၀၂၁,၅၀၀)ကျပ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် အမှတ်(၁)နယ်မြေရဲစခန်း (ပ) ၄၄၂/၂၀၁၇၊ လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က)ဖြင့် အရေးယူထားကြောင်း သတင်းရရှိသည်။

## အင်္ဂလိပ်စာအခြေခံသင်တန်းဖွင့်ပွဲကျင်းပ

၁-၆-၂၀၁၇ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စာရေးဝန်ထမ်းများအား အင်္ဂလိပ်စာစွမ်းရည်မြှင့်သင်တန်း (၁/၂၀၁၇)ဖွင့်ပွဲ အခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားသို့ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား/သူများ စုစုပေါင်း အင်အား( ၇၀)ဦး တက်ရောက်ခဲ့ကြောင်း သင်တန်းကို ၁-၆-၂၀၁၇ ရက်နေ့မှ ၃၀-၆-၂၀၁၇ ရက်နေ့ထိ ရက်သတ္တပတ်(၄) ပတ်ကြာ ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သတင်းရရှိပါသည်။ အလားတူ ၁၇-၆-၂၀၁၇ ရက်နေ့တွင် ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပပြုလုပ်သော ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာရုံးဝန်ထမ်းများ အင်္ဂလိပ်စာအခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ်မှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အဆိုပါသင်တန်းအား အပတ်စဉ်စနေနေ့နှင့် တနင်္ဂနွေနေ့တို့တွင် သင်တန်းသား/သူ (၇၅)ဦးဖြင့် (၃)လတိတိဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊



သင်တန်းနည်းပြ ဆရာ/ ဆရာမများ၊ ချင်းပြည်နယ်ရုံးရှိ အရာထမ်းများနှင့် ပြည်နယ်/ ခရိုင်/ မြို့နယ်ရုံးများမှ သင်တန်းသား/သူများ စုစုပေါင်းအင်အား(၁၀၃)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ပညာသင်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား



၁၂-၆-၂၀၁၇ ရက်နေ့တွင် ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ၂၀၁၇-၂၀၁၈ ခုနှစ်၊ ပညာသင်နှစ်တွင် ပညာသင်ကြားနေသော ဝန်ထမ်းသားသမီး ကျောင်းသား/သူများအား ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးတို့မှ ကျောင်းသား/ကျောင်းသူ(၁၁၂)ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးပစ္စည်းများအား အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

အလားတူ ၃-၇-၂၀၁၇ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်အဆင့်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ပညာသင်ကြားနေသော ဝန်ထမ်းသား/သမီး (၁၄)ဦးအား ပညာသင်စရိတ်ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## အလုပ်ရုံဆွေးနွေးပွဲကျင်းပ



၂၀-၆-၂၀၁၇ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ယစ်မျိုးဥပဒေမူကြမ်းရေးဆွဲထားခြင်းအပေါ် ပြင်ဆင်ခြင်း၊ ထပ်မံဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အကြံပြုခြင်းအလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ တိုင်းဒေသကြီးဥပဒေအရာရှိနှင့် ဖိတ်ကြားထားသည့် ကျွမ်းကျင်ပညာရှင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အငြိမ်းစားဝန်ထမ်းများနှင့် တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ စုစုပေါင်းအင်အား (၅၀)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။


## နေရပ်ပြန်အလုပ်သမားများအား ကြိုဆိုလက်ခံ

၂၉-၆-၂၀၁၇ ရက်နေ့မှ ၉-၇-၂၀၁၇ ရက်နေ့အထိ ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၅) ရပ်ကွက်၊ (၉၉၉)ဂိတ်နှင့် အမှတ်(၄)ရပ်ကွက်၊ ကျောက်လုံးကြီးပြန်လည်ကြိုဆိုလက်ခံရေးစခန်းတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ထိုင်း-မြန်မာနယ်စပ်ဂိတ်များမှ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန် အလုပ်သမားများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်ပါကဆေးကုသမှုခံယူစေခြင်း၊ အားပေးနှစ်သိမ့်ခြင်း၊ တရားမဝင်အလုပ်လုပ်ကိုင်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ အသိပညာပေးလက်ကမ်း စာဆောင်များဖြန့်ဝေခြင်း၊ နေရပ်ပြန်ရန်အခက်အခဲရှိသူများအား ပို့/ဆက်၊ မော်တော်ယာဉ်အသင်း၊ တပ်မတော်ယာဉ်၊ စေတနာလူမှုကယ်ဆယ်ရေးအသင်း၊ ပရဟိတအသင်းယာဉ်များဖြင့် နေရပ်သို့အခမဲ့ပို့ဆောင်ပေးခြင်းနှင့် စားစရိတ်(၁၀,၀၀၀)ကျပ်ထောက်ပံ့ခြင်း၊ စနစ်တကျတည်းခိုနေထိုင်ရေး၊ လုံခြုံရေးစောင့်ရှောက်မှုလုပ်ငန်းများကို လစ်ဟာမှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်ကာ လိုအပ်ချက်များအား လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိ/ရပ်ဖများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိပြီး နေရပ်ပြန်အင်အားစုစုပေါင်း(၂၉၈၄)ဦးအား ပြန်လည်ကြိုဆိုပြီးနေရပ်သို့ အဆင်ပြေချောမွေ့စွာ ပို့ဆောင်ပေးပြီးဖြစ်ကြောင်း သတင်းရရှိပါသည်။



## ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

၁၂-၇-၂၀၁၇ ရက်နေ့တွင် ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ခရိုင်/ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပခဲ့ရာ ရှေးဦးစွာသံဃာတော်များထံမှ ဩဝါဒကထာ၊ ဥပါသကပဉ္စမသိက္ခာ သီလခံယူ၍ ဆရာတော်/သံဃာတော်များအား ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းပြီး အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ အခမ်းအနားသို့ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း/ အမှုထမ်းများနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုစုပေါင်းအင်အား (၅၀)ဦး တက်ရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



# တိုင်းဒေသကြီး/ ပြည်နယ်များတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများ အသီးသီးကျင်းပ

တိုင်းဒေသကြီး/ ပြည်နယ်များတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများ အောက်ပါအတိုင်း အသီးသီးကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်–

**မကွေးတိုင်းဒေသကြီး (မင်းဘူးမြို့)**

၁–၇–၂၀၁၇ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၊ အမှတ်(၁)ရပ်ကွက်၊ ရှင်ပင်စက္ကိန္ဒဲဘုရားအရှေ့ဘက်ကုန်းမြေတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကျင်းပ ပြုလုပ်ခဲ့ရာ စန္ဒကူး(၅)ပင်၊ ခရေ(၇၅)ပင်၊ ရေတမာ(၉၀)ပင်၊ မယ်ဇယ်(၆၀)ပင်၊ သင်းဝန်း(၂၀)ပင်၊ စုစုပေါင်း(၂၅၀) ပင်အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများ စုစုပေါင်းအင်အား (၃၀၀)ဦးဖြင့် စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိပါသည်။

**မန္တလေးတိုင်းဒေသကြီး (မိတ္ထီလာမြို့နယ်)**

၃–၇–၂၀၁၇ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ နည်းပညာတက္ကသိုလ်ကျောင်းဝန်းအတွင်း မိုးရာသီသစ်ပင်စိုက်ပွဲတော်ကျင်းပပြုလုပ်ခဲ့ရာ စိန်ပန်းပင်(၃၀၀)နှင့် လျှော်ဖြူ(၅၀)ပင်တို့အား ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ နည်းပညာတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ/ဆရာမ၊ ကျောင်းသား/သူများ၊ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ စုစုပေါင်းအင်အား (၃၀၀)ဦးဖြင့် စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိပါသည်။



**ရှမ်းပြည်နယ် (တာချီလိတ်မြို့နယ်)**

၂၈–၆–၂၀၁၇ ရက်နေ့တွင် ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ ဝမ်လုံးကျေးရွာအုပ်စု၊ ပုံလို့ဘုန်းတော်ကြီးကျောင်းဝန်းအတွင်း၌ မိုးရာသီသစ်ပင်စိုက်ပွဲတော်ကျင်းပခဲ့ရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး တက်ရောက်၍ ဌာနဆိုင်ရာများနှင့်အတူ ကျွန်း(၆၀)၊ မဟော်ဂနီ(၇၅)၊ ယမနေ(၅၀)၊ မယ်ဇလီ (၁၀၀)၊ သြရိုရှား(၅၀)၊ ခရေ(၁၅)၊ ကံ့ကော်(၇)၊ ပိတောက်(၁၂)၊ တမာ(၂၀)၊ ချယ်ရီ(၁၀)၊ အမြောက်ဆံ(လူမှုဏီအင်ကြင်း) (၁၀)၊ မျောက်ပို(၁၀)၊ပျဉ်းကတိုး(၂၅)၊ မကျည်း(၅)၊သရက် (၅)၊ တောင်တမာ (၈၁)၊ စုစုပေါင်း(၅၄၀) ပင် စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိပါသည်။



## လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနား

၂၇–၆–၂၀၁၇ ရက်နေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စု၌ ၂၀၁၆–၂၀၁၇ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုရံပုံငွေနှင့် ပြည်သူလူထုထည့်ဝင်ငွေတို့ဖြင့်ဆောင်ရွက်ခဲ့သည့် မြေနီကျေးရွာ၊ ကျောင်းကုန်းကျေးရွာ၊ လှဲဒိုးကျေးရွာများ လျှပ်စစ်မီးလင်းရေးအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ပြည်သူလူထုများ စုစုပေါင်းအင်အား (၃၅၀)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## တရားမဝင်ဓါတ်သတ္တုတူးဖော်ထုတ်လုပ်ရေးမရှိစေရေးကွင်းဆင်းဆောင်ရွက်

၅–၆–၂၀၁၇ ရက်နေ့တွင် မွန်ပြည်နယ်၊ သထုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ ပါဝင်သောအဖွဲ့သည် သထုံမြို့နယ်၊ ဒုံဝန်းကျေးရွာအုပ်စုတွင် တရားမဝင်ဓါတ်သတ္တုတူးဖော်ထုတ်လုပ်မှု မရှိစေရေးအတွက် မြို့နယ်တားဆီးရေးအဖွဲ့ စုစုပေါင်းအင်အား (၁၁)ဦးတို့နှင့်အတူ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။




## ကွန်ကရစ်တံတားတည်ဆောက်မှုအားကြည့်ရှုစစ်ဆေး

၇–၆–၂၀၁၇ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ် အုပ်ချုပ်ရေးမှူးသည် မီးလောင်ထောင့်ကျေးရွာအုပ်စု၊ မီးလောင်ထောင့်–ဇလပ်ပြင် ကျေးရွာချင်းဆက်လမ်းပေါ်တွင် ကွန်ကရစ်တံတားတည်ဆောက်မည့်လုပ်ငန်းနေရာအား စုစုပေါင်းအင်အား(၄)ဦးနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိပါသည်။



## ကွင်းဆင်းကြည့်ရှုစစ်ဆေး



၂၅–၆–၂၀၁၇ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ ကျောက်တော် မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကျေးလက်ဦးစီးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးတို့နှင့်အတူ ဂုပ္ပိထောင့်–ဇင်ခါးရှည်–အခစား လမ်းအူကြောင်းရှာဖွေရေးအတွက် စုစုပေါင်းအင်အား (၁၇)ဦးဖြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

## မြေငှားဂရန်ရရှိရေး တွေ့ဆုံဆွေးနွေးပွဲအခမ်းအနား



၅–၆–၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ မြို့နယ်အတွင်းရှိ ဂုံမင်းအင်းကျေးရွာ မြေငှားဂရန်ရရှိရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ကရင်ပြည်နယ်ရုံး ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ခြင်း



၁၇-၆-၂၀၁၇ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ကရင်ပြည်နယ်ရုံး၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့စရိတ်ပေးအပ်ပွဲအခမ်းအနားအား စုံညီအစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူး ဦးမြင့်သူ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားတွင် တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းသား/သူ စုစုပေါင်း (၃၁) ဦးတို့အား ပညာသင်စရိတ်ထောက်ပံ့ငွေ ၃၈၆,၀၀၀/- (ကျပ် သုံးသိန်းရှစ်သောင်းခြောက်ထောင်တိတိ) ကိုထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ရခိုင်ပြည်နယ်ရုံး ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ခြင်း

၁၇-၆-၂၀၁၇ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ရခိုင်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူးဦးမြင့်လွင်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ် ပညာသင်နှစ်တွင် တက်ရောက်ပညာ သင်ကြားကြမည့် ဝန်ထမ်းမိသားစုများ၏ သား၊ သမီးများဖြစ်ကြသော တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းသား/သူ စုစုပေါင်း (၃၆) ဦးတို့အား ပညာသင်စရိတ်ထောက်ပံ့ငွေ ၄၈၀,၀၀၀/- (ကျပ်လေးသိန်း ရှစ်သောင်းတိတိ)ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## တိုင်းဒေသကြီး/ ပြည်နယ်များတွင် စာရေးဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း ဖွင့်ပွဲများ အသီးသီးကျင်းပ

တိုင်းဒေသကြီး/ ပြည်နယ်များတွင် စာရေးဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲများ အောက်ပါအတိုင်း အသီးသီးကျင်းပခဲ့ကြောင်းသတင်းရရှိပါသည်-

**ပဲခူးတိုင်းဒေသကြီး (ရွှေတောင်မြို့နယ်)**



၁၉-၆-၂၀၁၇ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး သင်တန်းအား ၁၉-၆-၂၀၁၇ ရက်နေ့မှ ၂၁-၆-၂၀၁၇ ရက်နေ့အထိ (၃)ရက်၊ သင်တန်းချိန်(၂၁)ချိန်ဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယဦးစီးမှူးများနှင့် ဌာနဆိုင်ရာအကြီးအကဲများမှ သင်ကြားပို့ချပေးခဲ့ရာ၊ သင်တန်းသို့ မြို့ပေါ်ရုံးနှင့် ရပ်ကွက်/ကျေးရွာအုပ်စုများမှ စာရေးဝန်ထမ်းများ စုစုပေါင်းအင်အား (၅၉)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မွန်ပြည်နယ် (မော်လမြိုင်ခရိုင်)**

၁၉-၆-၂၀၁၇ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးသည် မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ၁၉-၆-၂၀၁၇ ရက်နေ့မှ ၃-၇-၂၀၁၇ ရက်နေ့အထိ ဖွင့်လှစ်သော စာရေးဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ကြောင်း၊ အခမ်းအနားသို့ စုစုပေါင်းအင်အား(၂၉)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ရခိုင်ပြည်နယ် (စစ်တွေမြို့နယ်)**

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၇)ကို ၁၇-၆-၂၀၁၇ရက်နေ့မှ ၆-၇-၂၀၁၇ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးမှ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ပြီး သင်တန်းဖွင့်ပွဲသို့ ရပ်ကွက်/ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး (၅၅)ဦး၊ စာရေးဝန်ထမ်း(၅၉)ဦး၊ ဖိတ်ကြားထားသည့်ဧည့်သည်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းဆရာများ စုစုပေါင်းအင်အား (၁၅၀)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## သွေးလွန်တုပ်ကွေးရောဂါ နှိမ်နင်းရေးပညာပေးဟောပြောပွဲကျင်းပ

၂၉-၆-၂၀၁၇ ရက်နေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ဆီဆိုင်မြို့နယ်၊ အောင်သပြေရပ်ကွက်၊ မြို့ဦးဆုတောင်းပြည့်ဘုရားဓမ္မာရုံ၌ သွေးလွန်တုပ်ကွေးရောဂါ နှိမ်နင်းရေးပညာပေးဟောပြောပွဲကျင်းပပြုလုပ်ခဲ့ရာ ဆီဆိုင်မြို့နယ်အုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားကာ မြို့နယ်ဆရာဝန်ကြီးမှ သွေးလွန်တုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး အခမ်းအနားသို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းသား/သူများ၊ ရပ်ကွက်သူ/ရပ်ကွက်သားများ စုစုပေါင်းအင်အား(၂၅၀)ဦး တက်ရောက်ခဲ့ကြောင်း ဆက်လက်၍ အောင်သပြေရပ်ကွက်အတွင်းရှိ နေအိမ်များ၊ ရေတွင်းရေကန်များ၊ ခြင်ခိုအောင်းနိုင်သော နေရာများတွင် အဘိတ်ဆေးခတ်ပေးခြင်းနှင့် ဖုန်း၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းလုပ်ငန်းများအား ကျန်းမာရေးဌာနဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား (၅၀)ဦးဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ပြည်သူလူထုနှင့်ဆက်သွယ်ရာတွင်တရားဥပဒေ၊လူ့အခွင့်အရေး၊တရားမျှတမှုရှိစေရေးနှင့် အသုံးချခြင်းတို့ဆိုင်ရာ သင်တန်းအမှတ်စဉ်(၁)ဖွင့်လှစ်



၁၉-၆-၂၀၁၇ ရက်နေ့မှ ၂၃-၆-၂၀၁၇ ရက်နေ့ထိ ပြည်ထဲရေးဝန်ကြီးဌာနနှင့် **UNDP**တို့ ပူးပေါင်း၍ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့ တရားဥပဒေစိုးမိုးရေးစင်တာ၌ ပြည်သူလူထုနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် တရားဥပဒေ၊ လူ့အခွင့်အရေး၊ တရားမျှတမှုရှိစေရေး၊ အသုံးချခြင်းတို့နှင့် စပ်လျဉ်းသည့် အရည်အသွေးများ၊ ဗဟုသုတများနှင့် တန်ဖိုးများအားတိုးမြှင့်နိုင်စေရန် သင်တန်းအားဖွင့်လှစ်ခဲ့ရာ သင်တန်းတက်ရောက်ပြီးသည့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့်ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံ ပြန်လည်မျှဝေပေးခြင်းဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက်လည်း အကျိုးကျေးဇူးရရှိနိုင်ရန်ရည်ရွယ်၍ အဆိုပါသင်တန်းအား သင်တန်းသား/သူ (၂၅)ဦးဖြင့် အမှတ်စဉ်(၁)အဖြစ်ဖွင့်လှစ်ခဲ့ပြီး အမှတ်စဉ်(၂)နှင့် (၃)တို့အား ဩဂုတ်လနှင့် စက်တင်ဘာလများအတွင်း ဖွင့်လှစ်သွားမည့်ဖြစ်ကြောင်း သတင်းရရှိပါသည်။

# ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း

## မကွေးတိုင်းဒေသကြီးရုံး




၆-၇-၂၀၁၇ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန မကွေးတိုင်းဒေသကြီးရုံးရှိ ဝန်ထမ်းများမှဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို တိုင်းဒေသကြီးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်မှ ဦးဆောင်၍ ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုများက မကွေးမြို့၊ စကြာမုန်ကင်းကျောင်းတိုက်မှ ဦးသုဇာတ၊ မိုးကောင်းကျောင်းတိုက်မှ ဦးပညာသီရိပါ ပင့်သံဃာ(၅)ပါးတို့အား ပင့်ဖိတ်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အရုဏ်ဆွမ်းနှင့်သစ်သီးအချိုပွဲများ ဆက်ကပ်ခြင်း၊ တရားတော် နာယူခြင်းနှင့် သံဃာတော်တစ်ပါးလျှင်ဝတ္ထုငွေ ၃၇၅,၀၀၀/-ဖြင့် စုစုပေါင်း ဝတ္ထုငွေ ၁၈၇,၅၀၀/-(ကျပ်တစ်သိန်းရှစ်သောင်းခုနစ်ထောင်ငါးရာတိတိ) လှူဒါန်းခဲ့ပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များအား မုန့်ဟင်းခါးဖြင့်တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြောင်းသတင်းရရှိပါသည်။

## မွန်ပြည်နယ်ရုံး

၇-၇-၂၀၁၇ နေ့တွင် မွန်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးဇော်ဝင်း ဦးဆောင်သော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ပြည်နယ်ရုံး၊ ခန်းမတွင် သံဃာတော် (၅)ပါးတို့အား ပင့်ဖိတ်၍ ပရိတ်တရားနာယူပြီး၊ ၂၃၉,၈၀၀/-(ကျပ်နှစ်သိန်းသုံးသောင်း ကိုးထောင့်ရှစ်ရာတိတိ) တန်ဖိုးရှိ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထု အစုစုအား စုပေါင်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ရန်ကုန်တိုင်းဒေသကြီးရုံး

၇-၇-၂၀၁၇ နေ့တွင် ရန်ကုန်တိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးနောင်ဦး၏ ကြီးကြပ်မှုဖြင့် လက်ထောက်ညွှန်ကြားရေးမှူးများ ဦးဆောင်ပြီး ရန်ကုန်တိုင်းဒေသကြီးရုံး၊ သတင်းနှင့်နည်းပညာဌာနတို့မှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များသည် ဦးစီးဌာန၊ ဓမ္မာရုံ၌ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းခြင်း၊ ဓမ္မစကြာဒေသနာတော် ရွတ်ဆိုပူဇော်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## မန္တလေးတိုင်းဒေသကြီးရုံး

၈-၇-၂၀၁၇ နေ့တွင် မန္တလေးတိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးသော်တာအောင်၏ ဦးဆောင်မှုဖြင့် ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းများ၊ ဝန်ထမ်း မိသားစုဝင်များနှင့် ဝန်ထမ်းဟောင်းများသည် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ရုံးဝင်းအတွင်းရှိ ဓမ္မာရုံ၌ မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ ကုသိုလ်တော်ကျောင်းတိုက်မှ ပင့်သံဃာ(၅)ပါးတို့အား ပင့်ဆောင်၍ နေ့ဆွမ်းဆက်ကပ် လှူဒါန်းကာ ၆၂၀,၀၀၀/-(ကျပ် ခြောက်သိန်း နှစ်သောင်းတိတိ)တန်ဖိုးရှိ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့အား စုပေါင်းဆက်ကပ်လှူဒါန်းခဲ့ပြီး ဧည့်ပရိတ်သတ်များအား ဧည့်ခံကျွေးမွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ကယားပြည်နယ်ရုံး

၁၂-၇-၂၀၁၇ ရက်နေ့တွင် ကယားပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်ခန့်



ဦးဆောင်သော ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုသည် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ပြည်နယ်ရုံးခန်းမ၌ လွိုင်ကော်မြို့၊ ချိုကယ် ကျေးရွာရှိ ကန္တရဝတီ ဘုန်းတော်ကြီးကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကလျာဏ ပါ ပင့်သံဃာ (၅) ပါး တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး စုစုပေါင်းတန်ဖိုးငွေ ၂၀၀,၀၀၀/-(ကျပ်နှစ်သိန်း တိတိ)ရှိ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထု အစုစုအား စုပေါင်းလှူဒါန်းလျက် တရားတော်များ နာယူခဲ့ကြကြောင်း သတင်းရရှိပါသည်။

## ပဲခူးတိုင်းဒေသကြီးရုံး

၁၂-၇-၂၀၁၇ နေ့တွင် ပဲခူးတိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်သန်းတိုး၏ ကိုယ်စားလက်ထောက်ညွှန်ကြားရေးမှူးများ ဖြစ်ကြသော ဦးမြင့်သိန်း၊ ဦးသိန်းဦးတို့ ဦးဆောင်ပြီး ဝန်ထမ်းများနှင့် ဝန်ထမ်း မိသားစုများ စုပေါင်း၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ပြည်နယ်ရုံး အစည်းအဝေးခန်းမ၌ မဟာဝိသုဇ္ဇက ကျောင်းတိုက်မှ သံဃာတော်(၅)ပါးတို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကာ ၄၂၀,၀၀၀/- (ကျပ်လေးသိန်း နှစ်သောင်းတိတိ) တန်ဖိုးရှိ ဝါဆိုသင်္ကန်းနှင့် ဒါတဗ္ဗဝတ္ထု အစုစုအား စုပေါင်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်း ရရှိပါသည်။

## ရှမ်းပြည်နယ်ရုံး

၁၂-၇-၂၀၁၇ နေ့တွင် ရှမ်းပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဆွေ ဦးဆောင်သော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ပြည်နယ်ရုံးခန်းမ၌ တောင်ကြီးမြို့၊ စိန်ပန်းရပ်ကွက်ရှိ အောင်မြေဘုံစံကျောင်းတိုက်မှ ကျောင်းထိုင် ဆရာတော် ဘဒ္ဒန္တခေမာနန္ဒ အမှူးပြုသော ပင့်သံဃာ (၅) ပါးတို့အား နေ့ဆွမ်းဆပ်ကပ်လှူဒါန်းကာ ၈၆၀,၀၀၀/-(ကျပ်ရှစ်သိန်း ခြောက်သောင်းတိတိ)တန်ဖိုးရှိ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းတို့အား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

# မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်ခြင်း

၆-၇-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံး၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲပြုလုပ်ခဲ့ရာ အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးအောင်မျိုးတို့မှ သတ်မှတ်နေရာ၌ ကံ့ကော်ပင်အား ဦးစွာစိုက်ပျိုးပေးခဲ့ပြီး ဝန်ထမ်း (၆၀)ဦးတို့မှ သတ်မှတ်နေရာ အသီးသီး၌ အရိပ်ရပင်၊ သီးပင်၊ စားပင်နှင့် အလှပန်းပင်၊ ကျွန်းပင်၊ ပျဉ်းကတိုး၊ ငု၊ မဟော်ဂနီ၊ အာဆီယံသပြေ၊ သရက်၊ ပိန္နဲ အစရှိသည့် အပင်စုစုပေါင်း (၁၃၁) ပင်စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိပါသည်။



## မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး ကယားပြည်နယ်အတွင်းရှိ မီးသတ်စခန်းများ ကြည့်ရှုစစ်ဆေး

မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှ ဇွန်လ၂၂ ရက်နေ့အထိ ကယားပြည်နယ် အတွင်းရှိ ရှားတော မြို့နယ်မီးသတ်စခန်း၊ ကယားပြည်နယ်မီးသတ်စခန်း၊ ဖားဆောင်းမြို့နယ်မီးသတ်စခန်း၊ မယ်စဲ့မြို့နယ် မီးသတ်စခန်း၊ ဘောလခဲမြို့နယ်မီးသတ်စခန်း၊ ဖရူဆိုမြို့နယ်မီးသတ်စခန်း၊ ဒီးမော့ဆိုမြို့နယ်မီးသတ်စခန်း၊ ငွေတောင်နယ်မြေမီးသတ်စခန်း၊ လောပိတ နယ်မြေမီးသတ်စခန်းနှင့် လွိုင်ကော်ခရိုင်မီးသတ်စခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။



အဆိုပါ ခရီးစဉ်အတွင်း မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ သန္ဒေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့်တွေ့ဆုံအမှာစကားပြောကြားရာတွင် ညွှန်ကြားရေးမှူးချုပ်မှ ကယားပြည်နယ်သို့ ဒုတိယအကြိမ်ရောက်ရှိခြင်းဖြစ်ပြီး ယခင်နှစ်များနှင့်မတူ မီးသတ်စခန်းများ၊ ဝန်ထမ်းနေအိမ်လိုင်းခန်းများ များစွာတိုးတက်နေ ကြောင်းမြင်တွေ့ရ၍ ဂုဏ်ယူဝမ်းမြောက်ဖြစ်မိပါကြောင်းနှင့် မီးသတ်ဦးစီးဌာနရဲ့ ရည်မှန်းချက် တာဝန်(၄)ရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးနဲ့ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးလုပ်ငန်းများအကြောင်း အသေးစိတ်လမ်းညွှန်အမှာစကားပြောကြားခဲ့ပြီး တပ်ဖွဲ့ဝင်များအနေဖြင့် အရက်၊ မူးယစ်ဆေးဝါး၊ လောင်းကစား၊ ငွေရေးကြေးရေးကိစ္စများ၊ အမျိုးသမီးကိစ္စများနှင့် လူမှုရေးကိစ္စများ မဖြစ်ပွားစေရေး ရှောင်ကြဉ်သွားကြရန် တပ်ဖွဲ့ဝင်များ မိသားစု စိတ်ဓာတ်ဖြင့် ချစ်ချစ်ခင်ခင် စည်းလုံးညီညွတ်စွာ နေထိုင်ရန် ရှင်းလင်း ပြောကြားခဲ့ပြီး တပ်ဖွဲ့ဝင်များအား ထောက်ပံ့ချီးမြှင့်ငွေပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ မြို့နယ်မီးသတ်စခန်း၊ ဝန်ထမ်းအင်အား အခြေအနေနှင့် မီးသတ်ယာဉ်/စက် ကြံ့ခိုင်ရေးလုပ်ငန်းများ၊ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်မည့် အရာရှိလုံးချင်းနေအိမ် မြေနေရာအား ကြည့်ရှုစစ်ဆေးပြီး၊ (၆)ခန်းတွဲ(၃)ထပ် ဝန်ထမ်းနေအိမ်အဆောက်အဦ(၂)လုံး၊ လူပျိုဆောင်(၁)လုံး ထပ်မံဆောက်လုပ်ရန် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြတောင်းခံသွားရန် လမ်းညွှန်မှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၂) လုပ်ငန်းအကြိုသင်တန်း အမှတ်စဉ်(၂/၂၀၁၇)သင်တန်းဖွင့်ပွဲ အခမ်းအနား



ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း၌ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၂) လုပ်ငန်းအကြိုသင်တန်း အမှတ်စဉ်(၂/၂၀၁၇)အား သင်တန်းသား/သူ(၂၅၀)ဦးဖြင့် ၂၆–၆–၂၀၁၇ ရက်နေ့မှ ၄–၈–၂၀၁၇ ရက်နေ့အထိ ရက်သတ္တပတ်(၆)ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ရာ အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားကို ၂၆–၆–၂၀၁၇ ရက်နေ့ နံနက်(၀၈း၀၀)အချိန်တွင် ကျင်းပခဲ့ပြီး အခမ်းအနားသို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဆွေဆွေနိုင် တက်ရောက်၍ သင်တန်းဖွင့်မိန့်ခွန်းပြောကြားခဲ့ကာ ကျောင်းဝန်း အတွင်းရှိ (၃)ထပ်စာသင်ဆောင်နှင့် သင်တန်းသားအိပ်ဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်း ရရှိပါသည်။

## မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းများ ကြည့်ရှုစစ်ဆေး

မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူသည် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့မှ ဇွန်လ ၁၉ ရက်နေ့အထိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်းခရိုင်နှင့် မုံရွာခရိုင်မီးသတ်ဦးစီးမှူးရုံး၊ ရေဦးမြို့နယ်နှင့် ခင်ဦးမြို့နယ်မီးသတ်စခန်း၊ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်မီးသတ်ဦးစီးမှူးရုံး၊ အင်းတော်မြို့နယ်နှင့် ထီးချိုင့်မြို့နယ်မီးသတ်စခန်း၊ အလယ်တောနယ်မြေနှင့် ကျောက်မြောင်းနယ်မြေ မီးသတ်စခန်း၊ မြောင်မြို့နယ်မီးသတ်စခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။



အဆိုပါ ခရီးစဉ်အတွင်း မီးသတ်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူမှ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ သန္ဒေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ အမှာစကားပြောကြားရာတွင် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ အခက်အခဲများကိုယ်တိုင်သိရှိနားလည်ပြီး လိုအပ်ချက်များဖြေရှင်း ပေးနိုင်ရန် ယခုလိုလာရောက်ခြင်းဖြစ်၍ ပွင့်ပွင့်လင်းလင်းတင်ပြနိုင်ကြောင်း၊ နိုင်ငံတော်၏ မူဝါဒ၊ ဝန်ကြီးဌာန၏ မူဝါဒများ သိရှိထားရန်လိုအပ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မီးလောင်မှု အကြိမ်တိုးလာနိုင်ပြီး ဆုံးရှုံးမှုတန်ဖိုး များနေပါက နိုင်ငံဖွံ့ဖြိုးမှုကျဆင်းနိုင်ပါကြောင်း၊ ထိုသို့ မဖြစ်ပွားစေရေးအတွက် တပ်ဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မှုရှိရန်လိုပါကြောင်း၊ မီးဘေး အသိပညာပေးလုပ်ငန်းများတွင် ပြည်သူများကိုလေးစားစွာပြောဆို ဆက်ဆံပြီး ပူးပေါင်း ဆောင်ရွက်မှသာ အောင်မြင်စွာဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့သည် ပြည်သူကိုဝန်ဆောင်မှုပေးသော တပ်ဖွဲ့ဖြစ်၍ မီးသတ်တပ်ဖွဲ့ ဥပဒေ၊ နည်းဥပဒေ ကိုလည်း တပ်ဖွဲ့ဝင်များအားလုံး တစ်ဦးချင်းကျေညက်စွာ နားလည်သဘောပေါက်ပြီး လုပ်ဆောင်တတ်ရန်လိုကြောင်း၊ ပြည်သူလူထုအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးအကြံပေးရာတွင် မိမိတို့၏ လုပ်ငန်းတာဝန်ကို ကျွမ်းကျင်ပိုင်နိုင်ထားရမှာ ဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်များအနေဖြင့် အရက်၊ မူးယစ်ဆေးဝါး၊ လောင်းကစား၊ လာဘ်ပေးလာဘ် ယူကိစ္စများ မဖြစ်ပွားစေရေး၊ မိသားစု စိတ်ဓာတ်ဖြင့် ချစ်ချစ်ခင်ခင် စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်လိုကြောင်း၊ မီးဘေးကြိုတင် ကာကွယ်ရေးကိုလည်း စစ်ဆေးရေးအဖွဲ့များစနစ်တကျ စစ်ဆေးဆောင်ရွက်ပြီး ပြည်သူလူထု အားကိုး ယုံကြည်ရသော မီးသတ် တပ်ဖွဲ့ဝင်များဖြစ်စေရေး လုပ်ဆောင်သွားကြရန် လမ်းညွှန်မှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးလာရောက်စစ်ဆေးခြင်း



ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် အကျဉ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ စစ်တွေနှင့်ဘူးသီးတောင် အကျဉ်းထောင်သို့ ၂၀-၆-၂၀၁၇ ရက်နေ့တွင် ရောက်ရှိစစ်ဆေးခဲ့ရာ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်လင်းမှ မုန်တိုင်းတိုက်ခတ်မှုကြောင့်ပျက်စီးခဲ့သော အဆောက်အဦများ ပြင်ဆင်ပြီးစီးမှုအခြေအနေ၊ ပြုပြင်ဆောင်ရွက်ဆဲအခြေအနေများနှင့် ဦး၊ ရေး၊ ထောက် လုပ်ငန်းဆိုင်ရာများရှင်းလင်းတင်ပြခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးမှ ဝန်ထမ်းနေအိမ်လိုင်းခန်းတစ်ခုစီ၌ မျိုးမတူသော နှစ်ရှည်သီးပင်/စားပင်များကို မိမိတို့တတ်နိုင်သမျှ တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် လေလွင့်မှုနည်းပြီး မိသားစု အချင်းချင်းဖလှယ်စားသုံးနိုင်သည့်အတွက် မီးဖိုချောင် စရိတ်ကိုလည်းလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အကျဉ်းထောင်နယ်နိမိတ်ပတ်လည်တွင် လေတိုက်မှုဒဏ်ကာကွယ်နိုင်ပြီး အရိပ်ရသောသစ်ပင်ကြီးများ(ဥပမာ-ကုက္ကိုပင်)များကို စိုက်ပျိုးခြင်းဖြင့် အကျဉ်းထောင်နယ်နိမိတ်အဖြစ်သတ်မှတ်ပြီးသားဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့ပြီး ဝန်ထမ်းနှင့်မိသားစုဝင်များအတွက် စစ်တွေအကျဉ်းထောင်တွင် ကျပ် ၄,၄၅၀,၀၀၀/-နှင့် ဘူးသီးတောင်အကျဉ်းထောင်တွင် ကျပ် ၃,၅၈၇,၀၀၀/- အား အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မီးသတ်ဦးစီးဌာန၏ လုပ်ငန်းလမ်းညွှန်မှု ခံယူပွဲအခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေမှ လမ်းညွှန်အမှာစကားပြောကြားခြင်း

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် ၂၈-၆-၂၀၁၇ ရက်နေ့၊ (၁၅း၃၀) အချိန်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော မီးသတ်ဦးစီးဌာန၊ လုပ်ငန်းလမ်းညွှန်မှုခံယူပွဲအခမ်းအနားသို့ တက်ရောက်လမ်းညွှန်အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေမှ အမှာစကား ပြောကြားရာတွင် မိမိတို့၏ရာထူးအဆင့်နှင့်လျော်ညီစွာ တပ်ဖွဲ့၏ရည်မှန်းချက်၊ ရည်ရွယ်ချက်တာဝန်ဝတ္တရားများသိရှိနားလည်ပြီး တာဝန်ကျေပွန်စွာဆောင်ရွက်ရန်၊ မီးသတ်တပ်ဖွဲ့ လုပ်ငန်းတာဝန်များသည် အဖွဲ့အစည်းနှင့်စုပေါင်းလုပ်ဆောင်ရသည်ဖြစ်၍ အထက်အောက် ဆက်ဆံမှုပြေပြစ်ပြီး စည်းလုံးညီညွတ်မှုရှိစေရန်၊ အောက်ခြေမှ လုပ်ငန်းဆောင်ရွက်မှုကို **Work Plan** များထားရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအသင့်ဖြစ်နေစေရန်၊ မီးသတ်စခန်း မြေနေရာရွေးချယ်ခြင်း၊ မီးသတ်စခန်းသစ်ဆောက်လုပ်ခြင်းများအား ရေရှည်အကျိုး မျှော်တွေးဆောင်ရွက်သွားရန်နှင့် မူးယစ်ဆေးဝါးရောင်း/ဝယ်၊ သုံးစွဲမှုများမဖြစ်ပွားစေရေး အထူးအလေးထား ကြပ်မတ်ဆောင်ရွက်သွားရန် လမ်းညွှန်အမှာစကားပြောကြား ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊



အမြဲတမ်းအတွင်းဝန်၊ လက်ထောက်အတွင်းဝန်နှင့် မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ကျောင်းအုပ်ကြီးနှင့် တိုင်းဒေသကြီး/ပြည်နယ်မီးသတ်ဦးစီးမှူးများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ သား/သမီး ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ထူးချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနား




ပြည်ထဲရေးဝန်ကြီးဌာန၊ဝန်ထမ်းများ၏ ကျောင်းနေ သား/သမီးများအား ၂၀၁၆-၂၀၁၇ ခုနှစ်၊ ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ၂၅-၇-၂၀၁၇ ရက်နေ့၊ (၀၈း၃၀) အချိန် နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ စုစည်းခန်းမတွင် ကျင်းပခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ တက်ရောက်အမှာစကားပြောကြားပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ဝန်ထမ်း များ၏ သား/သမီးများအား ပညာရည်ချွန်ဆုများနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသော ဝန်ထမ်းများ၏ သား/သမီး ကျောင်းသား/သူ များအား ပညာသင်ထောက်ပံ့ကြေးငွေများကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ တက္ကသိုလ်စာမေးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် လက်အောက် တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်/ဝန်ထမ်း များ၏ သား/သမီးများမှ ဝင်ရောက်ဖြေဆိုခဲ့ရာ ခြောက်ဘာသာဂုဏ်ထူးရှင် (၁၂) ဦး၊ ငါးဘာသာဂုဏ်ထူးရှင် (၃၄) ဦး၊ လေးဘာသာဂုဏ်ထူးရှင် (၇၀) ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် (၇၇) ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် (၁၂၅) ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် (၂၆၅) ဦး၊ ရိုးရိုးအောင်မြင်သူ (၁၇၀၈) ဦးတို့အား ပညာရည်ချွန်ဆုများ ပေးအပ် ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း များနှင့် တက္ကသိုလ်/ကောလိပ်များတွင် ပညာသင်ကြားနေသော ဝန်ထမ်းများ၏ သား၊ သမီးများဖြစ်သည့် မူလတန်း (၇၀၄) ဦး၊ အလယ်တန်း (၅၃၈) ဦး၊ အထက်တန်း (၂၉၄) ဦး၊ တက္ကသိုလ်/ကောလိပ်များမှ (၂၈၈) ဦး စုစုပေါင်း (၁၈၂၄) ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါသည်။

